**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)**

**(ကြာသပတေးနေ့)**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ (၈၅.၀၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ၃၀-၇-၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်း ကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၃)ဦးနှင့် ယနေ့ ခွင့်ပန် ကြားသူ(၁၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ ကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ ဖိအားများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိရာ မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် အခြေအနေများကို နိုင်ငံတကာမှ ပိုမိုနားလည်သဘောပေါက်ကာ မြန်မာနိုင်ငံ အပေါ် အမြင်ရှင်းလင်းလာစေရေးအတွက်လည်းကောင်း၊ နိုင်ငံတကာမှ ဖိအားများ လျော့ကျသွား စေရန်အတွက်လည်းကောင်း နိုင်ငံနှင့် နိုင်ငံသားများ၏ပုံရိပ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သံခင်းတမန်ခင်းအရ မည်သို့ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ ဖိအားများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေလျက်ရှိရာမှာ မိမိတို့နိုင်ငံ ရင်ဆိုင်နေရတဲ့ အခြေအနေများကို နိုင်ငံတကာမှ ပိုမိုနားလည်သဘောပေါက်ကာ မြန်မာနိုင်ငံအပေါ် အမြင်ရှင်းလင်းစေရန်အတွက် လည်းကောင်း၊ နိုင်ငံတကာမှ ဖိအားများ လျော့ကျသွားစေရန်အတွက်လည်းကောင်း နိုင်ငံနှင့် နိုင်ငံသားများ၏ပုံရိပ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သံခင်း တမန်ခင်းအရ မည်သို့ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိလိုခြင်းနဲ့ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ နှစ်ပေါင်း(၇၀)ကျော်ဖြစ်ပွားနေတဲ့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာလည်း ပြည်တွင်းပြည်ပ စိန်ခေါ်မှုများနဲ့ ဆက်လက်ရင်ဆိုင်ရလျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်မှာ အထွေထွေ ရွေးကောက်ပွဲကျင်းပပြီးနောက် နိုင်ငံရေးစနစ် အသစ်တစ်ရပ်ကို ကူးပြောင်းခဲ့ကြပါ တယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုဟာ အရှိန်ယူစဖြစ်နေပေမယ့် မြန်မာနိုင်ငံဟာ နိုင်ငံတကာအလယ်မှာ မျက်နှာပန်းပွင့်တဲ့ အနေအထားရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇ ခုနှစ်ကစပြီး လုံခြုံရေးတပ်ဖွဲ့များက အာဆာအကြမ်းဖက်အဖွဲ့ကို နှိမ်နင်းမှုများ ပြုလုပ်ခဲ့ပြီးတဲ့နောက်ပိုင်း ရခိုင် ပြည်နယ်အတွင်းသို့ ဘင်္ဂါလီများ နေရပ်စွန့်ခွာထွက်ပြေးရာမှ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ဖိအားများ ဆက်တိုက်တိုးလာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ တရားရုံးအိုင်စီဂျေ၌ လူမျိုးပြုန်းတီးစေမှုနဲ့ သွားရောက်ရင်ဆိုင်ဖြေရှင်းရာမှာ မြန်မာသာမက ကမ္ဘာမှာလည်း အထင်အရှား ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းကြာရှည် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေတဲ့ နိုင်ငံ၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိတဲ့ နိုင်ငံ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုမြင့်မားတဲ့ နိုင်ငံ၊ အဂတိ တရား လိုက်စားမှုမြင့်မားတဲ့ နိုင်ငံ၊ တရားဥပဒေစိုးမိုးရေး အားနည်းတဲ့နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ တရားရင်ဆိုင်နေရတဲ့နိုင်ငံ စတဲ့နာမည်ဆိုးတွေကြောင့် နိုင်ငံရဲ့ ပုံရိပ်ဟာ အဆိုးဆုံး အခြေအနေမှာ ရှိပါတယ်။ နိုင်ငံရဲ့ပုံရိပ် ကျဆင်းဆိုးရွားနေတာဟာ ယနေ့မြန်မာနိုင်ငံကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုနည်းပါးခြင်း၊ အနောက်နိုင်ငံများက ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ် နေခြင်းရဲ့ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ ပုံရိပ်၊ နိုင်ငံသားများရဲ့ ဂုဏ်သိက္ခာညှိုးနွမ်းမှုဟာ အလျင်အမြန် အဖတ်ဆည်ဖို့ လိုအပ်လျက်ရှိနေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ မှာဆိုလို့ရှိရင် နိုင်ငံတော်ဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံ အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည်လို့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို ဖော်ပြထား ပါတယ်။ ကမ္ဘာပေါ်မှာ ဘက်မလိုက်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနဲ့ ရပ်တည်တဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဖို့ မူဝါဒချမှတ်ထားတဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ လက်ညှိုးထိုးခံရပြီး အဆိုးရွားဆုံး ပြစ်မှု၊ စွပ်စွဲချက်နဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ တက်ရောက် ရတာဟာ အလွန်ပဲ ရင်နာဖို့ကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံဟာ ASEAN အဖွဲ့ဝင်နိုင်ငံများ၊ အာရှတိုက်မှာ အင်အားကြီးတဲ့နိုင်ငံဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယား၊ အိမ်နီးချင်း နိုင်ငံဖြစ်တဲ့ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံများနဲ့ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလျက်ရှိကြောင်း တွေ့ရှိရပါ တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအပေါ် အဓိကကျရောက်လျက်ရှိတဲ့ ဖိအားများဟာ အာရှနိုင်ငံများ သာမက ဥရောပ၊ အမေရိက၊ အာဖရိက စတဲ့နိုင်ငံများအပါအဝင် နိုင်ငံတကာမှ လာရောက်နေခြင်း ဖြစ်ပါတယ်။ ဒီလိုဖိအားတွေကို လျော့ချဖို့ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ ပိုမိုရရှိနိုင်ဖို့အတွက် နိုင်ငံတကာ သံခင်းတမန်ခင်းမှာ ခြေလှမ်း သွက်သွက်နဲ့ မဟာဗျူဟာများ လှုပ်ရှားဖော်ဆောင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒ့ါအပြင် ကမ္ဘာ့ အင်အားကြီး အိမ်နီးချင်းနိုင်ငံများရဲ့ မဟာဗျူဟာမြောက်စီမံကိန်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် သော်လည်းကောင်း၊ အဓိကကျတဲ့ အခန်းကဏ္ဍမှာသော်လည်းကောင်း မြန်မာနိုင်ငံဟာ ပါဝင်လျက် ရှိတဲ့အတွက်ကြောင့် မြန်မာနိုင်ငံဟာ သံခင်းတမန်ခင်းနဲ့ နိုင်ငံတကာ ဆက်ဆံရေးမှာ ပါးနပ်လိမ္မာစွာ ဆောင်ရွက်ဖို့ လိုအပ်နေတဲ့အချိန် ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာမှ ဖိအားများ၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရတဲ့ မြန်မာနိုင်ငံဟာ ဒီလိုရင်ဆိုင်နေရတဲ့ အခြေအနေတွေကို နိုင်ငံတကာမှ ပိုမိုနားလည်သဘောပေါက်ပြီး မြန်မာနိုင်ငံ

အပေါ် အမြင်ရှင်းလင်းလာစေရေးအတွက်လည်းကောင်း၊ နိုင်ငံတကာမှာ ဖိအားတွေလျော့ကျပြီးတော့ နိုင်ငံနှင့် နိုင်ငံသားများရဲ့ပုံရိပ်ကို မြှင့်တင်စေရန်အတွက်လည်းကောင်း နိုင်ငံရေးအကျိုးစီးပွားကို ဖော်ဆောင်နိုင်ဖို့အတွက် အထက်ဖော်ပြပါမေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၃။**

**ဦးကျော်တင် (ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မေးမြန်းထားတဲ့ မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ အခြေအနေတွေကို နိုင်ငံတကာက ပိုမိုနားလည်သဘောပေါက်ကာ မြန်မာနိုင်ငံအပေါ် အမြင်ရှင်းလင်းလာစေရေး၊ ဖိအားများလျော့ကျသွားစေရေး၊ နိုင်ငံနှင့်နိုင်ငံသားများရဲ့ ပုံရိပ်မြှင့်တင်စေရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် သံခင်းတမန်ခင်းအရ မည်သို့မည်ပုံ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

သံခင်းတမန်ခင်းဆိုတာဟာ နိုင်ငံတော်ကာကွယ်ရေးရဲ့ ရှေ့တန်းမျက်နှာစာဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ သံတမန်တွေအနေနဲ့ ရှေ့တန်းမျက်နှာစာမှာ ဘယ်လိုနည်းဗျူဟာ၊ ဘယ်လိုနည်းလမ်းနဲ့ ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာဟာ သိုသိပ်စွာဆောင်ရွက်ရတဲ့ကိစ္စလည်း ဖြစ်တယ်ဆိုတာကို ဦးစွာအသိပေးတင်ပြလိုပါတယ်။ ဒါကြောင့် ဆောင်ရွက်ပြီးခဲ့တဲ့ကိစ္စတွေကိုပဲ တင်ပြလို့ရနိုင်မယ့် အနေအထားရှိတယ်ဆိုတာ ဦးစွာပြောကြားလိုပါတယ်။ အဓိကအားဖြင့် နိုင်ငံတကာဖိအား ရင်ဆိုင်နေရခြင်းဟာ ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ ပဋိပက္ခတွေနဲ့ အဓိကဆက်နွှယ်နေပါတယ်။ ပြန်ကြည့်မယ်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ မတူတဲ့ လူမှုအသိုက်အဝန်းများအကြား တင်းမာမှု ပဋိပက္ခတွေဟာ ၂၀၁၂ ခုနှစ်ကတည်းက တစ်ကျော့ပြန် ကြီးထွားလာတဲ့ ကိစ္စဖြစ်ပြီးတော့ မိမိတို့အစိုးရလက်ထက်မှာ ဒီပြဿနာကို အမွေ ဆက်ခံခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ နိုင်ငံ့တာဝန် စယူပြီးတဲ့အချိန်ကစပြီးတော့ ရခိုင်ပြည်နယ် အရေးကိစ္စဖြေရှင်းရေးကို နိုင်ငံခြား

ဆက်ဆံရေးမှာ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် အလေးပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၁၆ ခုနှစ်၊ မေလမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ချက်ချင်းဖွဲ့စည်းဆောင်ရွက်ခဲ့သလို နိုင်ငံတကာက လေးစားရတဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ကိုလည်း ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှာ ဖွဲ့စည်းတာဝန်ပေးခဲ့တာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ရခိုင်ပြည်နယ်အတွက် စီးပွားရေးနဲ့ လူမှုအခွင့်အလမ်းတွေ တိုးတက်စေဖို့အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုအပြုသဘောဆောင်ရွက်ချက်တွေကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးနဲ့ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတွေကို ကုလသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံတွေက အသိအမှတ်ပြုခဲ့ကြပြီးတော့ အပြုသဘောတုံ့ပြန်ခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ်၊ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲဒီလို အပြုသဘော တိုးတက်မှုတွေကြောင့်မို့လို့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ဥရောပသမဂ္ဂက (၂၅)နှစ်လုံးလုံး နှစ်စဉ်ဆက်တိုက် တင်သွင်းလာခဲ့တဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်းကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှာ ကျင်းပတဲ့ အထွေထွေညီလာခံမှာ တင်သွင်းခြင်းမရှိတော့ဘဲ ရပ်ဆိုင်းလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်ပြည်ထောင်စုကလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးကန့်သတ်မှုတွေအားလုံးကို ယင်းနှစ် စက်တင်ဘာလမှာပဲ ဖယ်ရှားပေးခဲ့ပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံ သံခင်းတမန်ခင်းရဲ့ ထူးခြားတဲ့တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၉-၁၀-၂၀၁၆ ရက်နေ့မှာ (၁)ကြိမ်၊ ၂၅-၈-၂၀၁၇ ရက်နေ့မှာ (၁)ကြိမ်၊ ARSA အကြမ်းဖက်အဖွဲ့က နယ်ခြားစောင့် ရဲစခန်းတွေကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်များနဲ့ ပြန်လည်တုံ့ပြန်မှုနဲ့ ဆက်စပ်ပြီးတော့ နေရပ်စွန့်ခွာမှု အမြောက်အမြားတိမ်းရှောင်မှုတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဖြစ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေကြောင့် မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုတွေ ပြန်လည်ကြီးထွားလာခဲ့ရခြင်းဖြစ်ပါတယ်။

ဒီဖိအားတွေလျော့ပါးလာစေဖို့အတွက် ဖြစ်ရပ်မှန်အခြေအနေတွေကို နိုင်ငံတကာက နားလည်ဖို့ နိုင်ငံတကာရှေ့တန်းမှာ သံတမန်တွေကပဲ ရင်ဆိုင်နေကြရတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ နှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာမျက်နှာစာအဆင့် ဆိုပြီးတော့ အဆင့်(၃)ဆင့်မှာ ထိတွေ့ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်ချက်တွေကို နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ တင်ပြရာမှာလည်းကောင်း၊ သတင်းစာရှင်းလင်းပွဲတွေကတစ်ဆင့်လည်းကောင်း မကြာခဏ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတကာ အစည်းအဝေးတွေမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေ၊ ထုတ်ပြန်ချက်တွေကိုလည်း သတင်းစာတွေမှာသာမက နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာ သံရုံး၊ အဖွဲ့ရုံးရဲ့ Website နဲ့ Facebook တွေမှာလည်း ပြည်သူတွေကို အချိန်နှင့်တစ်ပြေးညီ အသိပေးဖော်ပြခဲ့ပါတယ်။ သံတမန် တွေ ဘယ်လိုကြိုးပမ်းလှုပ်ရှားပြောဆိုနေတာတွေကို အမှန်တကယ် သိရှိနိုင်ရန် Website တွေမှာ လေ့လာကြည့်ရှုနိုင်ပါကြောင်း တင်ပြလိုပါတယ်။ နှစ်နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အဆင့်မြင့်ပုဂ္ဂိုလ်တွေရဲ့ ပြည်ပခရီးစဉ်တွေမှာ ရှင်းလင်းပြောကြားတာတွေ ပြုလုပ်ခဲ့တဲ့အပြင် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများက သံအမတ်ကြီးတွေနဲ့လည်း အစဉ်ထိတွေ့၍လည်းကောင်း၊ ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများမှလည်းကောင်း မြန်မာနိုင်ငံရဲ့ သဘောထားနဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ရှင်းလင်းပြောကြားလျက်ရှိပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ASEAN နိုင်ငံခြားရေးဝန်ကြီးတွေကို ရန်ကုန်မြို့မှာ သီးခြားဖိတ်ခေါ်ပြီး ရှင်းလင်းပြောကြားခဲ့ ပါတယ်။ ဒါ့အပြင် အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉-၉-၂၀၁၇ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတစ်ဝန်းကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနဲ့ပတ်သက်ပြီး မိန့်ခွန်းတစ်ရပ်ကိုလည်း ပြောကြားခဲ့ပါတယ်။ ၂၀-၁၁-၂၀၁၇ ရက်နေ့က နေပြည်တော်မှာ ကျင်းပတဲ့ အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာလည်း ရခိုင်အရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ အခြေအနေမှန်တွေကို အလွတ်သဘော ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ဝန်ကြီးအဆင့် နှစ်နိုင်ငံအကြား လူ့အခွင့်အရေးဆွေးနွေးပွဲမှတစ်ဆင့် ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး မြန်မာစီးပွားရေးဆောင်ရွက်မှုတွေ၊ ရပ်တည်ချက်တွေကို ရှင်းလင်းပြောကြားမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မြန်မာ၊ ဥရောပသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ဆွေးနွေးပွဲကို (၅)ကြိမ်၊ နောက်ပြီးတော့ မြန်မာ၊ ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲတွေကို (၇)ကြိမ်၊ မြန်မာ၊ အမေရိကန် လူ့အခွင့်အရေးဆွေးနွေးပွဲတွေကို (၂)ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် Joint Commission လို့ခေါ်တဲ့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးတွေ၊ Foreign Office Consultation လို့ခေါ်တဲ့ နှစ်နိုင်ငံနိုင်ငံခြားရေးမူဝါဒဆိုင်ရာဆွေးနွေးပွဲတွေကိုလည်း နိုင်ငံတွေနဲ့ တိုးချဲ့ကျင်းပပြီးတော့ စဉ်ဆက်မပြတ် ရှင်းလင်းပြောကြားမှုတွေ ပြုလုပ်နေခဲ့ပါတယ်။ ဒေသတွင်းအဆင့်မှာ ASEAN ထိပ်သီးအစည်းအဝေး၊ ASEAN နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ARF လို့ခေါ်တဲ့ ASEAN ဒေသဆိုင်ရာဖိုရမ်၊ အာရှ-ဥရောပအစည်းအဝေးကဲ့သို့သော အခြားဒေသတွင်း အစည်းအဝေးတွေသာမက ဘက်မလိုက် လှုပ်ရှားမှုအစည်းအဝေးတွေမှာ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး အခါအခွင့်သင့်လာရင် ရှင်းလင်းပြောကြားနေတာဖြစ်ပါတယ်။

နိုင်ငံတကာမျက်နှာစာ အသီးသီးမှာလည်းပဲ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေ သိမ်မွေ့ရှုပ်ထွေးတဲ့ အသွင်ကူးပြောင်းမှုအခြေအနေတွေကို သိရှိနားလည်စေဖို့ ကုလသမဂ္ဂအထွေထွေ ညီလာခံတတိယကော်မတီ၊ လုံခြုံရေးကောင်စီ၊ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွေကို ပြည်ထောင်စုဝန်ကြီးအဆင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပြီးတော့ ရှင်းလင်းပြောကြား တာတွေ၊ အထူးကိုယ်စားလှယ် Special Envoy တွေလွှတ်ပြီး ချဉ်းကပ်စည်းရုံးတာတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ တာဝန်ယူမှုရှိတဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ မိမိတို့ ကိုယ်တိုင်လက်ခံထားတဲ့ နိုင်ငံတကာဥပဒေတွေ၊ စံနှုန်းတန်ဖိုးတွေနဲ့အညီ လိုက်နာဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂနဲ့လည်း မိမိတို့အနေနဲ့ လုပ်ငန်းလိုအပ်ချက်နဲ့ အညီ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener နဲ့ သူမကို စတင်ခန့်အပ်တဲ့ ၂၀၁၈ ခုနှစ်ကစပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ် များဆိုင်ရာ အထူးကိုယ်စားလှယ်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်နဲ့ ထိတွေ့ပြီးတော့ ဒီလိုပြစ်မှုမျိုးတွေကို ကာကွယ်တားဆီးရေးအတွက် ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ဒီနှစ်မှာ မြန်မာ့တပ်မတော်(ကြည်း)ကို ကလေးသူငယ်များစုဆောင်းခြင်း၊ အသုံးပြုခြင်း ပြုလုပ်နေတဲ့ အဖွဲ့အစည်းတွေ စာရင်းကနေပြီးတော့ ကုလသမဂ္ဂက ဖယ်ရှားပေးနိုင်ခဲ့ပါတယ်။ ဒါဟာဆိုလို့ရှိရင် တပ်မတော်အတွက်သာမက မြန်မာနိုင်ငံနဲ့ နိုင်ငံ့ဂုဏ်သိက္ခာအတွက်ပါ အပြုသဘောထူးခြားတဲ့ တိုးတက်မှုတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ ဖြစ်ပေါ်တိုးတက်မှုများရှိဖို့လည်း အင်မတန်အရေးကြီးပါတယ်။ သံတမန် တွေ ရှေ့တန်းမှာ ရင်ဆိုင်ဖြေရှင်းရေး ကြိုးပမ်းရာမှာ ပြည်တွင်းမှာ တိုးတက်မှုတွေရှိမှသာ ထိထိ ရောက်ရောက်တုံ့ပြန်ရှင်းလင်းပြောကြားနိုင်မှာဖြစ်ပါတယ်။ မိမိတို့ရဲ့ အခြေအနေမှန်တွေကို သိရှိ စေဖို့အတွက် သံခင်းတမန်ခင်းအရ ထိတွေ့ကြိုးပမ်းဆောင်ရွက်နေသလို တစ်ဖက်မှာလည်း အသိုက် အဝန်းတွေကြား တင်းမာမှုတွေလျော့ပါးစေဖို့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိပါက ပြည်တွင်း ဥပဒေနဲ့အညီ အရေးယူဖို့ နေရပ်စွန့်ခွာသွားတဲ့ ပြဿနာဖြေရှင်းရေးမှာ တိုးတက်မှုရရှိစေဖို့နဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေ တစ်ရပ်ပေါ်ထွက်ဖို့အတွက် ပြည်တွင်းမှာလည်း ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကိုလည်း ဖွဲ့စည်းတည်ထောင်ပြီး ဆောင်ရွက်နေတာ အားလုံးအသိဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ

အကြံပေးကော်မရှင်၏ အကြံပြုချက်တွေကို တတ်နိုင်သမျှ အကောင်အထည်ဖော်လျက်ရှိသလို နေရပ်စွန့်ခွာပြည်သူများ ပြဿနာကိုလည်း ဖြေရှင်းရေးအတွက်ကို ၁၉၉၂ ခုနှစ်က သတ်မှတ်ခဲ့တဲ့ စိစစ်ရေးစံနှုန်းများအတိုင်း ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ နှစ်နိုင်ငံသဘောတူညီချက် (၃)ခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြန်လည်ရောက်ရှိလာသူများအတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးဖို့အတွက်လည်း UNDP, UNHCR နဲ့ MoU တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့တဲ့အပြင် အာဆီယံ မိတ်ဖက်နိုင်ငံများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာမှာ ASEAN အဖွဲ့ကြီးရဲ့ ပံ့ပိုးမှုအင်အားကို ရယူ အသုံးပြုနိုင်ဖို့အတွက် AHA Centre ကို ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ASEAN အနေနဲ့ ရခိုင်ပြည်နယ်မှာ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုတွေ ပြုလုပ်ခဲ့ပြီး အစီရင်ခံစာပါအကြံပြုချက်တွေအတိုင်း အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်ဝန်းကျင်ကောင်းတွေ ဖော်ဆောင်ပေးဖို့အတွက်လည်း စီမံချက်(၇)ခုကို စတင်အကောင်အထည်ဖော်ဖို့ရှိပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုင်းအဝိုင်းနှစ်ခုအကြား သဟဇာတဖြစ်အောင်နေဖို့အတွက် ဥပဒေ၊ အမိန့် ထုတ်လို့မရဘဲ အချိန်ယူပညာပေးရမှာဖြစ်တဲ့အတွက် အသိုက်အဝန်းများအကြား ပေါင်းစည်းညီညွတ်ရေး စီမံချက်တွေကိုလည်း အားပေးအကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ နိုင်ငံတကာက အလေးထားနေကြတဲ့ကိစ္စတစ်ခုကတော့ လူ့အခွင့်အရေးချိုးဖောက်မှုများရှိရင် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရေးဖြစ်ပါတယ်။ Accountability ဖြစ်ပါတယ်။ Accountability တာဝန်ယူမှုကိစ္စအတွက်လည်း မိမိတို့ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဖိလစ်ပိုင်နိုင်ငံက သံအမတ်ကြီး Manalo ဦးဆောင်တဲ့ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)ကို တည်ထောင်ကာ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ (ICOE) ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ အပြီးသတ်အစီရင်ခံစာကိုပေးအပ်ခဲ့ပြီးတော့ စုံစမ်းစစ်ဆေးမှုများနဲ့ လိုအပ်တဲ့တရားစွဲဆိုမှုများ ပြုလုပ်ရေးအတွက်လည်း ကော်မရှင်ရဲ့ အစီရင်ခံစာအပြည့်အစုံကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

လူ့အခွင့်အရေး အမှန်တကယ်ချိုးဖောက်မှုတွေရှိခဲ့ပါက ပြည်တွင်းတရားစီရင်ရေးစနစ်နဲ့ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မယ်ဆိုရင် မလိုလားအပ်တဲ့ နိုင်ငံတကာဖိအားပေးမှုတွေကိုလည်း ဟန့်တားဖယ်ရှားနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်မှာလည်း လူ့အခွင့်အရေးစံနှုန်းများ တိုးတက်မြင့်မားလာစေဖို့အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အတည်ပြုပါဝင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတကာမျက်နှာစာမှာ ကြုံတွေ့နေရတဲ့ဖိအားတွေ လျော့ကျသွားစေရန်သက်သက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ မိမိတို့နိုင်ငံ ပြည်သူများရဲ့ လူ့အခွင့်အရေးတွေကို ပိုမိုကာကွယ်မြှင့်တင်နိုင်ဖို့အတွက်လည်း ရည်ရွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

စာေစာကပြောခဲ့တဲ့အတိုင်း အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်လို့ ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုတွေရရှိစေဖို့၊ လူ့အခွင့်အရေးစံနှုန်းတွေ မြင့်မားလာစေဖို့နဲ့ နိုင်ငံ့ ဂုဏ်ရည်မြှင့်တင်ဖို့တို့ကို ကြိုးပမ်းဆောင်ရွက်နေရာမှာလည်း သံတမန်များရဲ့အင်အားတစ်ခုတည်း အပေါ်သာအားထား၍မရဘဲ လွှတ်တော်ကိုယ်စားလှယ်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့အားနဲ့ ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ တကယ်တော့ ယနေ့ဖိအားပေးနေကြတဲ့ အဖွဲ့အစည်းတွေဟာ မြန်မာ နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို မသိလို့မဟုတ်ဘဲ နိုင်ငံရေးရည်မှန်းချက်တစ်ရပ်အနေနဲ့ သိသိကြီး ဖိအားပေးနေတာမျိုးလည်းရှိတယ်ဆိုတာ သတိချပ်ဖို့လိုပါတယ်။ မိမိတို့အနေနဲ့ လူ့အခွင့်အရေး ကိစ္စနဲ့ပတ်သက်လို့ မိမိတို့နိုင်ငံအခြေအနေနဲ့အညီ မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်ကာ ပြည်တွင်း အခြေအနေ တိုးတက်မှုရအောင်လုပ်ခြင်းဖြင့်သာ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှု၊ စွပ်စွဲမှုခံရတာအများစုဟာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားတဲ့နေရာ တွေမှာ ဖြစ်ပါတယ်။ ဒီလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားပါက ယင်းစွပ်စွဲချက်များလည်း လျော့ပါးကွယ်ပျောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွား စေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရေးဟာ အလွန်အရေးကြီးလှပါတယ်။

အစိုးရအနေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းရာမှာ နိုင်ငံတော်ရဲ့ အကျိုးနဲ့ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုကို မထိခိုက်အောင် အလေးထားပြီးတော့ လက်တွေ့ကျကျနဲ့ တရားမျှတစွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကို ဖျက်လို ဖျက်ဆီးပြုလုပ်လိုသူများ ထောင်ချောက်ဆင်ထားတဲ့အကွက်အတွင်း မဝင်ရောက်နိုင်ဖို့ အပြောအဆို အပြုအမူများ အထူးသတိပြု ဆင်ခြင်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ ပြည်သူ များအားလုံးအနေနဲ့ ယင်းအန္တရာယ်ကို သိရှိရှောင်ရှားနိုင်ဖို့လည်း အရေးကြီးပါကြောင်းနဲ့ သံတမန် တွေ ရှေ့တန်းမျက်နှာစာမှာ ချဉ်းကပ်စည်းရုံးမှုကို အထောက်အကူပြုစေမယ့် အပြုသဘော ပြောဆို ဆောင်ရွက်မှုနဲ့ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့အတွက် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ

ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်တောင်းမြစ်၏ အနောက်ဘက်ကမ်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့ရှိ ကျေးရွာများ၊ လယ်မြေများ ကမ်းပြိုပြီး စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်း မွန်ပြည်နယ်၊ သထုံခရိုင်မှ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ သောင်မြေကေ သောင်းချီ၍ ပေါ်ထွန်းခဲ့ရာမှ ယခု ကမ်းရင့်မြေများဖြစ်နေသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပတ်သက်၍ တောင်သူလယ်သမားများအား လုပ်ပိုင်ခွင့်ရရှိရေး သက်ဆိုင်ရာမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်တောင်းမြစ်ရဲ့ အနောက်ဘက်ကမ်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များရှိ ကျေးရွာများ၊ လယ်မြေများ ကမ်းပြိုပြီးတော့ စစ်တောင်းမြစ်ရဲ့အရှေ့ဘက်ကမ်း မွန်ပြည်နယ်၊ သထုံခရိုင်မှ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ သောင်မြေကေ သောင်းချီ၍ ပေါ်ထွန်းခဲ့ရာမှ ယခု ကမ်းရင့်မြေများဖြစ်နေသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပတ်သက်၍ တောင်သူလယ်သမားများအား လုပ်ပိုင်ခွင့်ရရှိရေး သက်ဆိုင်ရာမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်ခန့်မှစပြီးတော့ စစ်တောင်းမြစ်ရဲ့ အနောက်ဘက်ကမ်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်နှင့် ကဝ မြို့နယ်များမှာရှိတဲ့ ကျေးရွာများ၊ လယ်မြေများ ကမ်းပြိုရာမှာပါသွားခဲ့ပြီးတော့ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်း မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှာ သောင်လွတ်မြေများ ပေါ်ထွန်းခဲ့ရာမှာ တဖြည်းဖြည်း ကမ်းရင့်မြေများ ဖြစ်လာပြီးတော့ ၂၀၀၄-၂၀၀၅ ခုနှစ်က ကမ်းရင့်မြေအချို့ကို ပြည်နယ်အာဏာပိုင်များက မြေနုကျွန်းအဖြစ် တောင်သူလယ်သမားများအား

မြေများ ခွဲဝေပေးခဲ့ပါတယ်။ အမှန်မှာတော့ အဲဒီတုန်းက တည်ဆဲညွှန်ကြားချက်ဖြစ်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာညွှန်ကြားချက်အမှတ် (၄၄/၉၁)အရ လုပ်ပိုင်ခွင့်ချထားပေးရမယ့်အစား ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ပိုင်ခွင့်များကို ကျော်လွန်ပြီးတော့ မြေနုကျွန်းအဖြစ်သတ်မှတ်ပြီး ပြည်နယ်က ဝေခြမ်းရေးလုပ်ခဲ့တာကြောင့် အသစ်ပေါ်ထွန်းလာတဲ့ သောင်မြေ၊ ကမ်းရင့်မြေများ လုပ်ပိုင်ခွင့်၊ အုပ်ချုပ်ပိုင်ခွင့်များနဲ့ပတ်သက်ပြီးတော့ အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

အချို့ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ အဖွဲ့ဝင်ဆိုသူက ယခု ကမ်းရင့်မြေများကို ရောင်းစားထားသည်ဟု တိုင်ကြားထားတာကို စစ်ဆေးခဲ့ကြောင်းနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့လည်း တိုင်ကြားထားကြောင်း သိရှိရပါတယ်။ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာမှ တောင်သူလယ်သမားအချို့က ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့သို့ ကျိုက်ပိ၊ ဖက္ကလိပ်၊ ကော့ထင်း စတဲ့ရွာများအပါအဝင် ပေါ်လာတဲ့သောင်မြေများနှင့် ဆက်စပ်နေတဲ့ရွာများအတွက် အငြင်းပွားမှုများမဖြစ်စေရေး အမြော်မျဉ်းများ ဆွဲပေးဖို့လို့ သက်ဆိုင်ရာများသို့ ညွှန်ကြားပေးပါရန် တင်ပြထားကြောင်းလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ Slide -2 မှာ မြင်ရတာကတော့ ကျိုက်ထိုမြို့နယ်နဲ့ ဘီးလင်းမြို့နယ်မှာရှိတဲ့ လယ်မြေများ အပါအဝင် သောင်မြေများဖြစ်ပါတယ်။ Slide-2 မှာမြင်ရတာကတော့ ကျိုက်ထိုမြို့နယ်မှာ ပေါ်ထွန်းနေတဲ့ ကမ်းရင့်မြေအချို့ဖြစ်ပါတယ်။ Slide-4 မှာ မြင်ရတာကတော့ ဘီးလင်းမြို့နယ်မှာ ပေါ်ထွန်းနေတဲ့ ကမ်းရင့်မြေများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘီးလင်းမြို့နယ်၊ ယက္ကန်းသည်မကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးကနေပြီးတော့ ကျိုက်ထိုမြို့နယ်အတွင်းမှာရှိတဲ့ ကမ်းရင့်မြေ ဧက(၃၀၀)ခန့်ကို ရောင်းစားထားကြောင်း တိုင်ကြားလို့ တရားရုံးက ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနဲ့ ပတ်သက်ပြီးတော့ ကျေးရွာချင်း၊ လယ်သမားချင်း ပြဿနာမဖြစ်စေဖို့ ကျွန်တော်တို့ ထိန်းကျောင်းပေးနေရပါတယ်။ ပဋိပက္ခမှုများကို ဖြေလျှော့နိုင်ဖို့လို့ အမြော်မျဉ်းများ ဆွဲပေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ကျိုက်ထိုမြို့နယ်မှ လယ်သမားများဟာ လယ်မြေဧကပေါတဲ့ ပဲခူးတိုင်းဒေသကြီးထဲက သနပ်ပင်နဲ့ ကဝမြို့နယ်များမှာ လယ်များ သွားရောက်လုပ်ကိုင်ခဲ့ရာမှာ နှစ်ပေါင်း (၈၀)လောက်ရှိပြီလို့သိရပါတယ်။ ကမ်းပါးပြိုလို့ ပါသွားတာကြောင့် လယ်မဲ့၊ ယာမဲ့ဖြစ်နေသူများနဲ့ ဒေသခံလယ်သမားများ၊ လယ်ယာမြေမလုံလောက်သူများ၊ မြေမဲ့၊ ယာမဲ့များကို အဆိုပါ မြေလွတ်၊ မြေရိုင်းများကို ခွဲဝေ လုပ်ကိုင်ခွင့်ပေးမယ်ဆိုရင် အလုပ်အကိုင်ရရှိလာမှာဖြစ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အခုမေးခွန်းကို လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်၌ ပေါ်ထွန်းနေသည့် ကမ်းရင့်မြေအချို့၏ မြင်ကွင်းပုံ (၃)




ကျိုက်ထိုမြို့နယ်အတွင်း ပေါ်ထွန်းနေသည့် ကမ်းရင့်မြေများ မြင်ကွင်းပုံ (၃-၁)




ဘီးလင်းမြို့နယ်အတွင်း ပေါ်ထွန်းနေသည့် ကမ်းရင့်မြေများ မြင်ကွင်းပုံ (၃-၂)



**မြန်မာနိုင်ငံ၌ စိုက်ပျိုးဖြစ်ထွန်းလွယ်ပြီး နိုင်ငံတကာ၌လည်း ဈေးကွက်ရှိသော ချဉ်ပေါင်လျှော်ပင် (Kenaf) ကဲ့သို့ ဈေးကွက်ဝင်အပင်များအား တောင်သူများ စိုက်ပျိုးလာနိုင်စေရန် နိုင်ငံတော်အစိုးရမှ တွန်းအားပေးကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၂။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု ဆုတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့နေရာများမှာ အင်္ဂလိပ်ဘာသာ သုံးစွဲခွင့်ပြုပါရန်လည်း တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

ယနေ့ မြန်မာနိုင်ငံ တောင်သူလယ်သမားထုကြီးမှာ ဆန်စပါးစိုက်ပျိုးရာတွင် တစ်ကေလျှင် ဝင်ငွေ ကျပ်(၂၀၀၀၀၀)ပတ်ဝန်းကျင်သာ ရရှိနေကြပါသောကြောင့် ထို့ထက်ပိုသော ဝင်ငွေရရှိနိုင်သည့် သီးနှံတစ်မျိုးမျိုးကို သီးထပ်ဖြစ်စေ စိုက်ပျိုးရန် လိုလားလျက်ရှိနေကြပါတယ်။ ယခုအချိန်အခါမှာ ကမ္ဘာပေါ်မှာ ဝင်ငွေအကောင်းအဆိုးရရှိနိုင်မည့် စက်မှုလျှော်ပင် (Industrial Hemp)ကို စိုက်ပျိုးမည်ဆိုပါက တစ်ကေလျှင် ဝင်ငွေကျပ်(၁၅)သိန်းအထက်ရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူလယ်သမားများမှလည်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနေကြပြီဖြစ်၍ စိုက်ပျိုးလိုစိတ်ပြင်းပြနေကြပြီလည်း ဖြစ်ပါတယ်။ သို့ပါသော်လည်း ၎င်းအပင်မျိုးနွယ်မှာ မူးယစ်စေခြင်းမရှိသော်လည်း Canabinus Act နှင့် ငြိနေသဖြင့် ဥပဒေပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ပြည်သူ့လွှတ်တော်က ကြိုးပမ်းနေလျက်ရှိကြောင်းကိုလည်း သိရှိရ၍ ဝမ်းသာမိပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ Hemp အပင်လောက် ဝင်ငွေမကောင်းသော်လည်း ၎င်း Hemp အပင် တရားဝင် စိုက်ပျိုးခြင်းမပြုနိုင်သည့်အချိန်အခါမှာ ၎င်းနဲ့ မျိုးနွယ်တူ ရုပ်ဗေဒဂုဏ်သတ္တိတူပြီး မူးယစ်စေနိုင်သည့်ဂုဏ်သတ္တိ THC(၀) ဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း ယခင်က တရားဝင် ကေသောင်းချီစိုက်ပျိုးခဲ့ကြတဲ့ Kenaf ခေါ် ချဉ်ပေါင်လျှော်ပင်အား တောင်သူများ ပြန်လည်စိုက်ပျိုးကြမယ်ဆိုပါက ယခုအခါတွင် Value Added ခေတ်မီ အသုံးပြုနိုင်မှုများ တိုးတက်လာပြီဖြစ်ပါ၍ တစ်ကေလျှင် ကျပ်(၅၀၀၀၀၀)ခန့် ဝင်ငွေရရှိနိုင်မည် ဖြစ်ပါတယ်။

စက္ကူ၊ ပရိဘောဂ၊ အထည်အလိပ်မှစ၍ အမျိုးပေါင်း(၂၀၀၀)ကျော် ထုတ်လုပ်နိုင်ပြီး (၄)လ သို့မဟုတ် (၅)လတစ်ကြိမ် ရိတ်သိမ်းနိုင်သော ချဉ်ပေါင်လျှော်ပင် Kenaf ကို လွန်ခဲ့သော

နှစ်ပေါင်း(၃၀၀၀)ကျော်မှစ၍ ကမ္ဘာပေါ်မှာ စိုက်ပျိုးခဲ့ပါတယ်။ မြန်မာပြည်မှာတော့ ၁၉၇၀ ပြည့်နှစ်မှ စတင်စိုက်ပျိုးခဲ့ပြီး ဈေးကွက်အပေါ်မူတည်ပြီး တဖြည်းဖြည်းစိုက်အားကျဆင်းလာကာ ၂၀၀၈ ခုနှစ် ပတ်ဝန်းကျင်မှာ ပျောက်ကွယ်သွားကြောင်း သိရှိရပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။


မလေးရှားနိုင်ငံမှာ Kenaf ဟာ ၂၀၀၄ ခုနှစ်မှစတင်ပြီးတော့ ဆေးရွက်ကြီးနေရာမှာ အစားထိုးရွေးချယ် စိုက်ပျိုးကုန်အဖြစ် အစိုးရက မိတ်ဆက်ပေးရာကနေ ယခုအချိန်မှာတော့ (၁) ဆီအုန်း၊ (၂) ရော်ဘာပြီးတော့ တိုင်းပြည်ရဲ့ Third Crop အနေနဲ့ အလွန်လျင်မြန်စွာ ရောက်ရှိလာ ပါတယ်။ မလေးရှားအမျိုးသား (Kenaf) နှင့် ဆေးရွက်ကြီးအဖွဲ့ (National Kenaf and Tobacco board of Malaysia) က ကမ္ဘာ့ဈေးကွက်မှာ ၂၀၂၅ ခုနှစ်တွင် (Kenaf)ကနေပြီးတော့ US ဒေါ်လာ (၈၅၂)မီလီယံ ရည်မှန်းချက် ရရှိရမယ်လို့ မျှော်မှန်းထားပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလမှာဆိုလို့ရှိရင် မလေးရှားစက်မှုဝန်ကြီးက (Kenaf) စက်မှု လုပ်ငန်းဟာ ခေတ်သစ်စီးပွားရေးအရင်းမြစ်တွေအဖြစ် တိုးတက်ဖို့အတွက် ကြီးမားတဲ့အလားအလာ များဖြစ်တယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ စက်မှုလုပ်ငန်းတွေ ပိုမိုတိုးတက်လာဖို့အတွက် ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို ယခုထက်ပိုတဲ့ လိုအပ်တဲ့ကူညီထောက်ပံ့မှုတွေပေးရလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ တင်ပြပါပုံမှာတော့ (Kenaf) ခေါ် ချဉ်ပေါင်လျှော်ပင်ရဲ့ တစ်ပင်လုံးကိုအသုံးချပြီး တန်ဖိုးရှိလူသုံးကုန် ပစ္စည်းမျိုးစုံထုတ်လုပ်နိုင်မှုကို ပြသထားပါတယ်။ မြန်မာပြည်မှာတော့ ယခင်က ချဉ်ပေါင် လျှော်ပင်ကို အခေါက်ခွာ ရေစိမ်ပြီး လျှော်ချည်မျှင်ထုတ်တဲ့ ဈေးကွက်ကိုသာမျှော်မှန်းပြီးစိုက်ခဲ့တာမို့ တောင်သူ တွေအနေနဲ့ ဈေးကွက်ပျောက်သွားပြီး ဆက်မစိုက်နိုင်တော့တဲ့အခြေအနေကို ရောက်ရှိခဲ့ပါတယ်။ ယခုအခါမှာတော့ အခေါက်တင်သာမက တစ်ပင်လုံးရဲ့အသုံးဝင်မှုကို ကောင်းစွာအသုံးချနိုင်မယ့် နည်းပညာတွေ ပေါ်ထွက်လာပြီမို့လို့ ဝယ်လိုအားဈေးကွက် ကျယ်ပြန့်လာတဲ့အခါမှာတော့ အဆိုပါ ချဉ်ပေါင်လျှော်ပင် စိုက်ပျိုးထုတ်လုပ်နိုင်မှု ပျောက်ကွယ်သွားခဲ့ပြီဖြစ်ပါတယ်။

ထုတ်လုပ်မှုနဲ့ ဈေးကွက်မှာ ကြက်ဥနဲ့ ကြက်မ မည်သည်ကအစပြုသည်ဟု အဖြေ ပတ်ချာလည်နေသကဲ့သို့ပင် ဖြစ်ပါတယ်။ ကြက်ဥက စတာလား။ ကြက်မက စတာလား။ အဖြေရှာ ရသလိုပင် ထုတ်လုပ်မှုမှာလည်း ဈေးကွက်ရှိမှ ထုတ်လုပ်နိုင်မည်ဖြစ်သလို ဈေးကွက်မှာလည်း ထုတ်လုပ်မှုရှိထားပြီး ရင်းနှီးမြှုပ်နှံလိုမည်ဖြစ်ပါတယ်။ အဆိုပါ အခက်အခဲကို တောင်သူများအနေနဲ့ လွယ်လွယ်ကူကူ ဖြေရှင်းနိုင်မည်မဟုတ်ပါသဖြင့် နိုင်ငံတော်အစိုးရမှ မိမိ၏ကိုယ်ပိုင်စီးပွားရေး လုပ်သလို စိတ်ဝင်စားစွာ ချိတ်ဆက်ပေးနိုင်မှသာ တောင်သူများအတွက် ဝင်ငွေကောင်းသည့်၊ တိုင်းပြည်အတွက်လည်း GDP တက်လာနိုင်မည့်၊ ရေလည်းသိပ်မလိုသည့်၊ မြေအမျိုး အစားလည်း သိပ်မရွေးသည့် အကြမ်းခံသည့်၊ မြန်မာနိုင်ငံတွင် ယခင်က စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခဲ့ပြီး ဖြစ်သည့်


စက်မှုကုန်ကြမ်း ချဉ်ပေါင်လျှော်ပင်စီမံကိန်းကို ပြန်လည်အသက်သွင်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

မလေးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစ၍ တိုးတက်စိုက်ပျိုးလာသော Kenaf (ခ) ချဉ်ပေါင်လျှော် ဟက်တာ အခြေပြဇယား ပြပုံ (ခ)




Cultivation of kenaf fibre and core between 2004 and 2016 *(Source: National Kenaf and Tobacco Board)*

KENAF PRODUCT ထုတ်လုပ်ခြင်း ပြပုံ (ခ-၁)



**တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာ၊ ကသည်းမကျွန်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ငါးအမှုန့်ကြိတ်စက်ရုံမှ ထွက်ရှိလာသော အနံ့ဆိုးများကြောင့် ပြည်သူများ ကျန်းမာရေးဆိုးကျိုး တိုက်ရိုက်ခံစားနေရပါသဖြင့် ၎င်းစက်ရုံကို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး ဆန္ဒသုခပြည့်ဝပါစေကြောင်း ပဏာမနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာ တစ်ဖက်ကမ်းမှာရှိတဲ့ ကသည်းမကျွန်းမှာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ ငါးအမှုန့်ကြိတ်စက်ရုံမှ ထွက်တဲ့အနံ့ဆိုးတွေကြောင့် အဲဒီနားပတ်ဝန်းကျင်မှာရှိတဲ့ ရွာ(၆)ရွာကပြည်သူတွေ ကျန်းမာရေးဆိုးကျိုးကို တိုက်ရိုက်ခံစားနေရပါသောကြောင့် ၎င်းစက်ရုံရဲ့ အားနည်းချက်များနဲ့ ဥပဒေနှင့်မညီတဲ့အချက်များကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

အဓိကအကြောင်းအရာကတော့ ကသည်းမကျွန်းမှာ ယခုဆောင်ရွက်လည်ပတ်လျက်ရှိတဲ့ ငါးအမှုန့်ကြိတ်စက်ရုံဟာ ယခင်တနင်္သာရီတိုင်းဒေသကြီး၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းကုမ္ပဏီကပိုင်ဆိုင်တဲ့ စက်ရုံတစ်ခု ဖြစ်ပါတယ်။ ယခုအချိန်မှာ ပိုင်ရှင်အပြောင်းအလဲလုပ်ပြီးတော့ လည်ပတ်တာ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှ စတင်လည်ပတ်တာဖြစ်ပါတယ်။ ယခုအခါ ၎င်းလုပ်ငန်းရှင်ဟာ ငါးအမှုန့်ကြိတ်စက်ရုံကို ဆောင်ရွက်တဲ့အချိန်မှာ သက်ဆိုင်ရာ သစ်တောဦးစီးဌာနကနေပြီး စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိတဲ့မြေနေရာ တွေကို ကျူးလွန်နယ်ချဲ့ပြီးတော့ လုပ်လာတဲ့အနေအထားတွေကို ကျေးရွာသူ/ကျေးရွာသားများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းကနေသိတဲ့အချိန် တိုက်ရိုက်သက်ဆိုင်တဲ့အဖွဲ့အစည်းတွေကို တင်ပြတိုင်ကြားတဲ့အခါမှာ လာရောက်ကြည့်ရှုသော်လည်း ဆက်လက်ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြုပြီး ကျွန်တော့်ကို Power Point သုံးစွဲတင်ပြခွင့်ပြုပါခင်ဗျား။ ယခု မြင်နေတဲ့ပုံထဲမှာရှိတဲ့ အနီရောင်မြေတွေ ဖို့ထားတဲ့ မြင်ကွင်းအရ ခွင့်ပြုချက်မတောင်းခံဘဲ သစ်တောဦးစီးဌာနက စီမံခန့်ခွဲတဲ့မြေတွေကို လုပ်ပြီးတော့

ဆက်လက်တိုးချဲ့ထားတဲ့မြေ ဖြစ်ပါတယ်။ အနီရောင်ဟာ ခွင့်ပြုချက်မရဘဲ ဖြိုထားတာဖြစ်ပါတယ်။ ဒီကျွန်းကြီးဟာ ကျွန်တော်တို့နေထိုင်တဲ့ ကျောက်နီမော်ကျေးရွာကို ပင်လယ်ရဲ့ ရာသီဥတုဘေးဒဏ်၊ လှိုင်းဒဏ်တွေကို ကာကွယ်ပေးထားတဲ့ကျွန်းကြီး ဖြစ်ပါတယ်။ ဒါကတော့ အဲဒီလုပ်ငန်းမှာ အသုံးပြုမယ့် ရော်ဘာထင်းနဲ့ ဒီရေတောကနေထွက်တဲ့ထင်းတွေကို စုပုံထားတာဖြစ်ပါတယ်။ ယခုမြင်နေရတဲ့ အနီရောင်ကွင်းကြီးဟာ ခွင့်ပြုချက်မဲ့ ကျူးလွန်ထားတဲ့မြင်ကွင်း ဖြစ်ပါတယ်။


ဒါကတော့ သက်ဆိုင်ရာကို တင်ပြတဲ့အချိန်မှာ သစ်တောဦးစီးဌာနကနေပြီးတော့ လာရောက်စစ်ဆေးတဲ့အချိန် ဖြစ်ပါတယ်။ ဒါ ခုနက အဝေးမြင်ကွင်း အနီးမြင်ကွင်း ကပ်ရိုက်ထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ဒီပေါ်မှာ ဖြိုထားတဲ့ Steel Structure ခွင့်ပြုချက် မတောင်းခံဘဲနဲ့ အဆောက်အအုံကို ဆောက်မလို့လုပ်ထားတဲ့ အစီအစဉ်ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနက လာရောက်စစ်ဆေးပြီး နောက်တစ်နေ့မှာပဲ အမိုးမိုးပြီးသားအဆင်သင့်ဖြစ်ပါတယ်။ Steel Structure က ဒီတိုင်းပဲရှိတယ်။ လာရောက်စစ်ဆေးတယ်။ ညအိပ်ပြီး နောက်တစ်နေ့မနက် မရောက်ခင်မှာ Steel Structure အဆောက်အအုံ အပြီးအစီး ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီလို ဖြစ်သွားပါတယ်။ အဲဒါ တစ်ညပဲကြာပါတယ်။ အခု Slide မှာတော့ တစ်မိနစ်ကြာတာပေါ့။ အဲဒီလို ဖြစ်ပါတယ်။

ဒါကတော့ လောင်စာထင်းတွေကိုသယ်တဲ့ ရေယာဉ်ဖြစ်ပါတယ်။ ယခုမြင်နေရတဲ့ ခေါင်းတိုင်ကနေထွက်နေတဲ့အငွေ့တွေဟာ လေသင့်ရာကိုခံရတဲ့ ရွာ(၆)ရွာကနေပြီးတော့ တစ်လှည့်စီ အနံ့ကို ခံနေရသလိုဖြစ်နေပါတယ်။ အဲဒီအနံ့ဟာ ရိုးရိုးကာဗွန်ဒိုင်အောက်ဆိုဒ် သီးသန့်မဟုတ်ပဲ Methane အနံ့ပါ ပါနေတဲ့အတွက် တချို့အနံ့အကြာကြီးရှူ လိုက်ရလို့ရှိရင် မျက်စိကျိန်းပြီးတော့ မျက်စိနာရောဂါတွေ ကူးစက်တဲ့အထိဖြစ်ပါတယ်။ ဒါ ခေါင်းတိုင်ကနေထွက်တဲ့မီးခိုးပါ။ အဲဒီမှာ ကျောက်လေးလုံးဇုန်မှာရှိတဲ့ ကြက်လွှတ်၊ ကျောက်မတ်တတ်၊ အောက်ကျောက်ဝပ်၊ ညောပြင်၊ ကျောက်ဝပ်ပြင်၊ ကျောက်နီမော်ကျေးရွာမှာရှိတဲ့ ပြည်သူတွေဟာ ကျွန်တော်တို့ကိုယ်စားလှယ်တွေ နယ်ထွက်ပြီးတော့ ပြည်သူ့တွေ့ဆုံပွဲ လုပ်တဲ့အချိန်တိုင်းမှာ ဒီစက်ရုံတွေက နိုင်ငံတော်ကို အခွန် ဘယ်လောက်သွင်းလဲ အဲဒီအခွန်ကို သွင်းမဲ့အခွန် ကျွန်တော်တို့ ကျေးရွာ(၆)အုပ်စုမှ ပြည်သူတွေက နေပြီး အချိုးကျထည့်ဝင်ပြီး စက်ရုံကြီးကို ရုပ်သိမ်းပေးလို့မရဘူးလားပြောတာ။ ဥပဒေနှင့်အညီ ကြိုးစားပေးပါ့မယ်လို့ ပြောခဲ့ရပါတယ်။

အရှေ့ကို နည်းနည်းပြပါ။ အဲဒီကားကတော့ လောင်စာထင်းကို တင်လာပြီးတော့ ရွာတွင်းကို သတ်မှတ်ထားတဲ့ Speed ထက်လွန်ပြီးတော့မောင်းတဲ့ကားဖြစ်ပြီး အဲဒီမှာ မှောက်နေပါတယ်။ ဒါပေမဲ့ ထိခိုက်ဒဏ်ရာရမှုမရှိတဲ့အတွက် တော်တော်ကံကောင်းသွားတဲ့အနေ အထားဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကသည်းမကျွန်း ငါးအမှုန့်ကြိတ်စက်ရုံကို သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်း စိစစ်ကြပ်မတ်၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနဲ့

အညီ စစ်ဆေးအရေးယူဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ခွင့်ပြုချက်ဧရိယာထက် ကျော်လွန်ပြီး ဆောက်လုပ်ထားသည့် အဆောက်အဦ မြင်ကွင်းပုံ (န)



ခွင့်ပြုချက်မဲ့ ဆောက်လုပ်ထားသော ကျူးကျော် အဆောက်အဦ၏ မြင်ကွင်းပုံ (န-၁)



ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းအငွေ့များ လေထုထဲသို့ ထုတ်လွှတ်မှု မြင်ကွင်းပုံ (န-၂)



**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၂။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၃)ဦး ရဲ့ မေးခွန်းကို တစ်ခုချင်းဖြေကြားပါမယ်။ ဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ စစ်တောင်းမြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်မှာရှိတဲ့ ကျေးရွာတွေ၊ လယ်မြေတွေ ကမ်းပြိုပြီးတော့ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်း မွန်ပြည်နယ်၊ သထုံခရိုင်အတွင်းကနေ ကျိုက်ထို၊ ဘီးလင်းမြို့နယ်တို့မှာ လယ်မြေကေ သောင်းချီပေါ်ထွန်းခဲ့ ရာကနေပြီးတော့ ကမ်းရင့်မြေများဖြစ်နေသည့် မြေလွတ်၊ မြေရိုင်းများနဲ့ပတ်သက်ပြီး တောင်သူ တွေကို လုပ်ပိုင်ခွင့်ရရှိရေး၊ မည်သို့ စီမံဆောင်ရွက်ပေးမည်ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တောင်းမြစ်ရဲ့အနောက်ဘက်ကမ်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင် အတွင်းမှာရှိတဲ့ သနပ်ပင်မြို့နယ်အတွင်းမှာ နတ်ရေကန်၊ ခလပ်စုနဲ့ ရွှေအိုးကျေးရွာအုပ်စုတို့ဟာ စစ်တောင်းမြစ်ရေစီးဆင်းပြောင်းလဲမှုအတွက် စိုက်ပျိုးလို့ရတဲ့ မြေနုကျွန်းခန့်မှန်းဧရိယာ (၁၆၆၁၀) ကေနဲ့ စိုက်ပျိုးမရနိုင်တဲ့ မြေနုကျွန်း ခန့်မှန်းဧရိယာ (၆၅၅၃)ကေ စုစုပေါင်းခန့်မှန်းဧရိယာ (၂၃၁၆၃) ကေ ပေါ်ထွန်းလာခဲ့မှုရှိပါတယ်။ စိုက်ပျိုးလို့ရတဲ့ မြေနုကျွန်းတွေ လုပ်ကိုင်ခွင့်ချထားပေးဖို့အတွက် ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀ တို့နဲ့အညီ စီစဉ်ဆောင်ရွက်တဲ့အခြေအနေရှိကြောင်း သိရှိရပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ်မှာ ၂၀၁၈-၂၀၁၉ ခုနှစ်က ကျေးရွာအုပ်စုပေါင်း(၁၁)ရွာ တည်ရှိနေတဲ့ စစ်တောင်းမြစ်ကမ်းပါး ပြိုကျခဲ့ပါတယ်။

လယ်မြေကေ (၃၆၆၈၈)ကေ ဆုံးရှုံးခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ မှာတစ်ခါပြန်ပြီးတော့ ကျေးရွာအုပ်စု(၁၁)ရွာထဲကနေပြီးတော့ ဘန်ဒါကျေးရွာမှာ ကေ(၁၀၂၀)ကေ၊ ကန်တော်ကျေးရွာမှာ (၉၇)ကေ ထပ်မံကမ်းပြိုကျခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် လက်ရှိအချိန်မှာ ကဝမြို့နယ်အပိုင် စစ်တောင်းမြစ်ကမ်းပြို ဧရိယာစုစုပေါင်းဟာ (၃၇၈၀၅)ကေ ရှိခဲ့ပါတယ်။ ကမ်းပြိုတဲ့အချို့ကျေးရွာ

တွေဟာ မြေနုကျွန်းသောင်မြေ အနည်းငယ်ပေါ်ထွန်းခဲ့ပါတယ်။ သို့သော် စိုက်ပျိုးလို့ရတဲ့မြေရင့်တွေ အဆင့် မရောက်ရှိသေးကြောင်းလည်း တွေ့ရပါတယ်။ စိုက်ပျိုးမြေရင့် အသစ်ပေါ်ထွန်းလာမည်ဆိုပါက တောင်သူလယ်သမားတွေ လုပ်ပိုင်ခွင့်ရဖို့အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ပြီးတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနဲ့အညီ စီမံဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထားရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တောင်းမြစ်ရဲ့အရှေ့ဘက်ကမ်း မွန်ပြည်နယ်အတွင်းမှာ ရောက်နေတဲ့ သထုံခရိုင်၊ ကျိုက်ထိုနဲ့ ဘီးလင်းမြို့နယ်တို့မှာ သူတို့ရဲ့မြစ်ဝအတွင်း ပေါ်ထွန်းလာတဲ့မြေများ ရှိကြပါတယ်။ စစ်တောင်းမြစ်ကနေ မုတ္တမပင်လယ်ကွေ့အတွင်း ပို့ချတဲ့ သဲနုန်းမြေကနေတစ်ဆင့် တဖြည်းဖြည်းဖြစ်ပေါ်လာတဲ့ သောင်နုမြေ(ကမ်းတိုးမြေ)များအဖြစ် တည်ရှိလာမှုဖြစ်ပါတယ်။ အဲဒီမြေတွေဟာ စတင်ဖြစ်ပေါ်တာကနေ (၂)နှစ်၊ (၃)နှစ်ကာလအတွင်း ကြာမြင့်ပြီးမှသာလျှင် ကမ်းပတ်တာများတည်ဆောက်ပြီး ရေငန်ဝင်ရောက်မှုမရှိအောင် ကာကွယ်ပြီးမှသာလျှင် လယ်မြေတွေအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်မယ့် အခြေအနေဖြစ်ပါတယ်။ အဆိုပါ မြေများအနေနဲ့ တစ်ဆက်တည်း တည်မြဲပြီးတော့ မြေရင့်အဖြစ်ပြောင်းလဲလာမှုက ပုံမှန်လယ်မြေများအဖြစ်ကို ရောက်ရှိသွားတဲ့အနေအထားများရှိသလို အချို့မြေတွေဟာလည်း ရေစီးကြောင်းပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် ကမ်းပါး ရေတိုက်စားရာမှာပါဝင်သွားတဲ့အနေအထားတွေရှိကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလို တည်မြဲခိုင်မာမှုအားနည်းတဲ့ ကမ်းတိုးမြေများကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအဖြစ် သတ်မှတ်မှု မပြုနိုင်ဘဲနဲ့ သောင်နုမြေ(မြေနုကျွန်း)အဖြစ်သာ သတ်မှတ်ရန်ရှိပါတယ်။

အဲဒီမြေတွေကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ နည်းဥပဒေအရ မြေနုကျွန်းချထားရေး ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အစိုးရကြီးကြပ်မှုနဲ့ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်မဲ့ယာမဲ့နဲ့ လယ်ယာချို့တဲ့သူ ဒေသခံတွေကို အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ခွင့်ပြုချထားပေးဖို့ရည်ရွယ်ပြီး တန်းစီဇယားရေးဆွဲချထားဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ အမြှော်မျဉ်းများ ဆွဲပေးရေးနဲ့စပ်လျဉ်းပြီး ဖြေကြားပါမယ်။ မွန်ပြည်နယ်မှာ ၂၀၀၄ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း ပေါ်ထွန်းခဲ့တဲ့ သောင်တိုးမြေတွေကို ယခင်ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ကျေးရွာမြေယာကော်မတီကနေ လယ်ယာမဲ့တန်းစီဇယားများ ရေးဆွဲပြီးချထားပေးခဲ့ပါတယ်။ ကျိုက်ပိကျေးရွာအုပ်စုမှာ ဧက(၂၉၇၅)ဧက၊ ကော့ထင်းကျေးရွာအုပ်စုမှာ (၁၈၄၀)ဧက၊ ဖက္ကလိပ်ကျေးရွာ အုပ်စုမှာ (၁၁၂၀)ဧက၊ မုက္ခမူကျေးရွာအုပ်စုမှာ (၃၁၆)ဧက၊ ကျိုက္ကသာကျေးရွာအုပ်စုမှာ (၁၂၈၄)ဧကနဲ့ မလော့ချောင်ကျေးရွာအုပ်စုက (၁၀၁၀)ဧကတို့ကို ပြည်နယ်၊ ခရိုင်၊ ထိုစဉ်ကာလက

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ခွင့်ပြုချက်နဲ့အညီချထား ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။

အဲဒီလိုချထားပေးရာမှာ ကျေးရွာအုပ်စုတစ်ခုနှင့်တစ်ခုအကြား ထင်ရှားတဲ့ချောင်းရိုးနဲ့ ပေ(၃၀)အကျယ်ရှိတဲ့ ကုန်ထုတ်လမ်းတွေနဲ့ နယ်နိမိတ်တွေပိုင်းခြားသတ်မှတ်ထားရှိတဲ့ အမြော်မျဉ်း ရေးဆွဲရန် လိုအပ်တဲ့အခြေအနေဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကော့ထင်း ကျေးရွာအုပ်စု သောင်တိုးမြေဧရိယာ (၂၂၈၅)ဧက ထပ်မံပေါ်ထွန်းလာခဲ့ပါတယ်။ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ ၁၀၅၊ ၁၀၆၊ ၁၀၇ တို့အရ ကော့ထင်းကျေးရွာအုပ်စုမှာရှိတဲ့ တောင်သူ(၃၆၅)ဦးကို ချထားပေးဖို့ စီစဉ်ခဲ့ရာမှာ ကျိုက်ပိကျေးရွာအုပ်စုက ကန့်ကွက်ခဲ့မှုရှိပါတယ်။ အဆိုပါ သောင်တိုး မြေနဲ့ စပ်လျဉ်းပြီး ယခင်ကလည်း ပေါ်ထွန်းခဲ့တဲ့သောင်မြေတွေကို ခွဲဝေချထားပြီးဖြစ်တဲ့အတွက် စိုက်ပျိုးမြေအဖြစ် ထပ်မံခွဲဝေချထားရန် မသင့်တော်တဲ့အကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၇-၈-၂၀၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးကနေ ဆုံးဖြတ်ချက်အရ ဒီရေတောစိုက်ခင်း တည်ထောင်ဖို့ ခွင့်ပြုခဲ့ပြီးဖြစ်တဲ့အနေအထားမျိုး ဖြေကြားထားပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါ ဧရိယာမှာ အမြော်မျဉ်းများရေးဆွဲပေးရန် မလိုအပ်တော့တဲ့အခြေအနေဖြစ်ကြောင်း သိရှိတင်ပြ အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းမှာဘဲ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ပါတဲ့ ကမ်းရင့်မြေဧရိယာ မြေဧက(၃၀၀) ရောင်းစားထားမှုအချက်နဲ့စပ်လျဉ်းပြီး မေးမြန်းစိစစ်ပြီး ဖြေကြားပေးပါမယ်။ တိုင်ကြားခံရတဲ့ ဦးခင်ဝင်း ဟာ ဘီးလင်းမြို့နယ်၊ အရက်သီမကျေးရွာအုပ်စုမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်နဲ့ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ် ပါတယ်။ ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ်ကာလမှာ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်းကို သိရှိရပါတယ်။ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာအုပ်စုမှာ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ ကျေးရွာ လူကြီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးမိုးကျော် အနေနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ကော့ထင်း ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ သောင်မြေတွေကို တောင်သူ(၃၉၁)ဦးအား တစ်ဧကခွဲနှုန်းနဲ့ မြေဧရိယာ(၅၈၆.၅)ဧကနဲ့ တပ်ရင်းတပ်ဖွဲ့တွေကို မြေဧရိယာ(၁၁၃.၅)ဧကတို့ကို ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၁၂-၁၀-၂၀၁၀ ရက်နေ့မှာ လုပ်ကိုင်ခွင့်ချထားတဲ့နေရာမှာ ပါဝင် ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရပါတယ်။

သောင်မြေတွေချထားဆောင်ရွက်တဲ့အခါမှာ ၎င်းအနေနဲ့ မြေရယူခြင်း အနေအထား မတွေ့ရသော်လည်း မြေပေးမိန့်ရရှိသူထံကနေပြီးတော့ မြေတွေဝယ်ယူခဲ့သူဖြစ်ကြောင်း သိရပါတယ်။ အဲဒီနောက် စပါးစံချိန်တင်မြေဖြစ်အောင် တာပတ်ဖော်ထုတ်ပြီး ၎င်းကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်ခဲ့သလို ဝယ်ထားတဲ့မြေတွေကိုလည်းပဲ ဝယ်မယ့်သူရှိရင် ပြန်လည်ရောင်းချပေးတဲ့ အနေအထားမျိုးရှိပါတယ်။

ယင်းနဲ့စပ်လျဉ်းပြီး အထင်မှားမှုနဲ့ သောင်မြေများရောင်းစားသည်ဟု တိုင်ကြားခြင်းဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ အသစ်ပေါ်ထွန်းလာတဲ့ မြေသစ်များနှင့်စပ်လျဉ်းပြီး ရေမြေအနေအထားအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရာမှာ သဘာဝကန့်သတ်ချက်များရှိနေတဲ့အတွက် တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေနုကျွန်းအဖြစ်သတ်မှတ်ပြီး စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ် ပါကြောင်းနှင့် ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ ၂၀၁၈ ခုနှစ်၊ ကျိုက်ထိုမြို့နယ်၊ ကဒါချောင်း တောင်ဘက်မှာ ထပ်မံပေါ်ထွန်းလာတဲ့မြေတွေကို ယခင်ပေါ်ထွန်းခဲ့ပြီးဖြစ်တဲ့ မြေများ ရေတိုက်စား ကမ်းပြိုမှု၊ သဘာဝဘေးကာကွယ်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် ဒီရေတော စိုက်ခင်းတည်ထောင်ဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဒေသခံများမှ ကျေနပ်မှုမရှိတဲ့အလျောက် ယခုကဲ့သို့ တိုင်ကြားစာများ ထွက်ပေါ်လာခြင်းဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ရဲ့ မေးခွန်းကို ဖြေကြားပါမယ်။ ဒီမေးခွန်းနှင့် စပ်လျဉ်းပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက် နှင့်အတူ ပေါင်းစပ်ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံမှာ ချဉ်ပေါင်လျှော် Kenaf ကို ၂၀၀၀ ပြည့်နှစ်ကာလမှာ ဧရာဝတီတိုင်းဒေသကြီးမှာ အဓိကထားပြီး စိုက်ပျိုးခဲ့ပါတယ်။ မိုးကြိုနဲ့ မိုးသီးနှံအဖြစ် စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ်မှာ ဧကအများဆုံး စိုက်ခဲ့ပြီးတော့ ဧက(၅၇၀၀၀)ကျော် ရှိခဲ့ပါတယ်။ ယခုအချိန်မှာတော့ စိုက်ဧကဟာ (၁၀၀၀)ကျော်သာ ရှိတော့တဲ့ အနေအထားဖြစ်ပါတယ်။ တောင်သူ တွေအနေနဲ့ ဈေးကွက်ဝယ်လိုအား အရောင်းအဝယ်အေးလာတဲ့အပေါ်မှာ စိုက်ပျိုးမှုလျော့ကျလာမှု ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်တွင်းမှာ ချဉ်ပေါင်လျှော်ကို လက်မှုလုပ်ငန်းအနေနဲ့ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းတွေဖြစ်တဲ့ ရေနွေးအိုး၊ အပူခံပြား၊ ဖိနပ်၊ လက်ကိုင်အိတ်၊ ဦးထုပ် စတဲ့ပစ္စည်းများ ထုတ်လုပ်နိုင်ပါတယ်။ မိမိတို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လက်ရှိအနေအထားမှာ ချဉ်ပေါင်လျှော် စိုက်ပျိုးမှုကို ထိန်းကျောင်းတဲ့အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်တို့မှာရှိတဲ့ ဌာနပိုင်ခြံတွေမှာ ပြည်ပကရတဲ့ မျိုးတွေကို မျိုးကောင်းမျိုးသန့် ပွားပြီး မျိုးစေ့ဖြန့်ဖြူးခြင်းနှင့် နည်းပညာဖြန့်ဝေမှုကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ချဉ်ပေါင်လျှော်စိုက်ပျိုးဖို့အတွက် နည်းပညာပိုင်းပံ့ပိုးမှုနဲ့ အတူ တောင်သူတွေလိုအပ်တဲ့ မျိုးစေ့ရရှိရေးကို ကူညီဆောင်ရွက်ပေးလျက်ရှိရာမှာ ဈေးကွက် အလားအလာကောင်းတဲ့အတွက် ဌာနအနေနဲ့ မျိုးစေ့တွေ ပိုမိုထုတ်လုပ်နိုင်ရေး၊ နည်းပညာပေးမှုတွေ ပိုမိုကျယ်ပြန့်လာရေးတို့ကို တိုးတက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခုနှစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှာ ချဉ်ပေါင်လျှော်မျိုးများ ဖြစ်တဲ့ MK-1၊ ရေဆင်း(၁)မျိုးတွေ စိုက်ပျိုးတဲ့အပြင် ပြည်ပကရလာတဲ့ K 30 မျိုးစေ့တွေကို ဒေသနဲ့ ကိုက်ညီမှုရှိ/မရှိ စိစစ်စမ်းသပ်စိုက်ပျိုးပြီး ဖြန့်ဝေဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဌာနအနေနဲ့ ထွက်ရှိလာတဲ့ ချဉ်ပေါင်လျှော်ပင်တွေကို ပြန်လည်ဝယ်ယူဖို့အတွက် စိတ်ဝင် စားတဲ့ကုမ္ပဏီတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပဈေးကွက်ရရှိဖို့ ကြိုးပမ်းပြီးတော့ အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဈေးကွက်ကျယ်ပြန့်လာတာနှင့်အမျှ တောင်သူတွေအနေနဲ့ ပိုမိုစိုက်ပျိုးလာနိုင်မှာဖြစ်တဲ့အတွက် စိုက်ဧကတွေလည်း ပြန်လည်တိုးတက်လာမယ့် အခြေအနေဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ ချဉ်ပေါင်လျှော်(၁)ပိဿာဟာ ကျပ်(၈၀၀)နှုန်းပေါက်ဈေးရှိပါတယ်။ ပြည်ပကို ကုန်ကြမ်းအနေနဲ့ တင်ပို့ပြီး (၁)တန်ကို ကျပ်(၁၀)သိန်းနှုန်းနဲ့ တင်ပို့ရောင်းချပေးလျက်ရှိပါတယ်။ စာရင်းတွေအရ ၂၀၁၇ ခုနှစ်မှာ တန်ချိန်(၂၁၆)တန်၊ ၂၀၁၈ ခုနှစ်မှာ (၈၅)တန်၊ ၂၀၁၉ ခုနှစ်မှာ (၂၁၈)တန် တင်ပို့မှု ရှိခဲ့ပါတယ်။ ယခုအခါမှာ ရေစိမ်လျှော်အစား စက်နဲ့ခွာလို့ရတဲ့ Bast Fibre ကို ပိုမိုထုတ်ဖို့ တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းတွေမှာ တောင်သူတွေအတွက် နိုင်ငံတော်က စိုက်စရိတ်တွေ ထုတ်ချေးမှုရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွေနဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ယခင်က စပါး အပါအဝင် ဆီထွက်သီးနှံ၊ ပဲ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ချက်ကြံသီးနှံ (၁၄)မျိုးအတွက်သာ ထုတ်ချေးခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာလည်း တိုးချဲ့ပြီးတော့ သီးနှံ(၈)မျိုးတိုးချဲ့ (၂၂)မျိုးထိ ထုတ်ချေးခဲ့သော်လည်း လက်ရှိအနေအထားမှာ ချဉ်ပေါင်လျှော်အတွက် ချေးငွေထုတ် ပေးမှုအခြေအနေမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်ပတင်ပို့မှု ဈေးကွက် အလားအလာရှိတဲ့ ကုန်ပစ္စည်းအမျိုးအမည်အသစ်တွေကို သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ဖော်ထုတ် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ပြည်ပနိုင်ငံတွေကို တာဝန်ပေးစေလွှတ်ထားတဲ့ စီးပွားရေးသံမှူးတွေ ကနေတစ်ဆင့် ဈေးကွက်ချိတ်ဆက်ရှာဖွေပြီး သီးနှံတွေရဲ့ Supply Chain တစ်လျှောက် လုပ်ငန်းစဉ် တွေမှာ ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသလို ချဉ်ပေါင်လျှော်စိုက်ပျိုးမှု၊ အားပေးမှုအဖြစ်နဲ့ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုတဲ့ကုန်ပစ္စည်းစာရင်းကနေပြီးတော့ ပယ်ဖျက် ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ ယခင်စိုက်ပျိုးအောင်မြင်ပြီးဖြစ်တဲ့ ချဉ်ပေါင်လျှော် များကို တောင်သူများ စီးပွားဖြစ်ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ နည်းပညာ တွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ အလေးထားဆောင်ရွက်ပေးခြင်းနှင့်အတူ ပြည်ပဈေးကွက်ကျယ်ပြန့်စွာ ရရှိဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ အားပေးချိတ်ဆက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး ရဲ့ မေးခွန်းအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့တို့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ် ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းပါ ကိစ္စရပ်တွေမှာ အပိုင်း(၃)ပိုင်း ပါဝင်ပြီး မိမိတို့အနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနကနေ လိုင်စင်ထုတ်ပေးဆောင်ရွက်တဲ့အပိုင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကနေပြီးတော့မှ စီမံကွပ်ကဲဆောင်ရွက်ရတဲ့အပိုင်းနဲ့ တိုင်းဒေသကြီးကနေ စီမံဆောင်ရွက်ရတဲ့ အပိုင်းဆိုပြီးတော့ အပိုင်း(၃)ပိုင်းရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ စက်ရုံက ရောနဒီထရေးဒင်း ကုမ္ပဏီလီမိတက်က ဆောင်ရွက်နေတဲ့ ငါးမှုန့်ကြိတ်စက်ရုံ (Fish Meal)စက်ရုံ ဖြစ်ပါတယ်။ စွန့်ပစ် ငါးတွေကို ဘွိုင်လာပေါင်းအိုးနဲ့ ပေါင်းခံကြိတ်ခွဲပြီးတော့ ငါးအမှုန့် တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်တဲ့ စက်ရုံဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်အစား အစာအဖြစ် အသုံးပြုဖို့ ငါးမှုန့်ထုတ်လုပ်တဲ့ စက်ရုံဖြစ်တဲ့အလျောက် ဒီဟာကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မယ်ဆိုရင် တိုင်းဒေသကြီးအတွင်း ပင်လယ်ထွက်ကုန်အခြေခံ စက်မှုလုပ်ငန်းတစ်ခု ဖြစ်ထွန်းမှုနဲ့အတူ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေနိုင်ပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပြဖြေဆို ထားမှုရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ငါးမှုန့်ကြိတ်စက်ရုံနှင့်ပတ်သက်ပြီး စက်တပ်ဆင်ထုတ်လုပ်မှု အခြေအနေကို စိစစ်တင်ပြပါမယ်။ စက်ရုံမှ အနံ့ပျောက်စနစ်(Treatment System) အတွက် မြင်းကောင်ရေ(၃၀)ကောင်ကို ရေစက်မော်တာ(၂)လုံး တပ်ဆင်ထားပါတယ်။ ပိုမိုပြင်းအားကောင်းတဲ့ ရေဖြန်းမှုနဲ့ ထွက်လာတဲ့ အနံ့ဆိုးတွေကို Treatment ပေးနိုင်ခဲ့ပြီးတော့ အနံ့ဆိုးထွက်ရှိမှုလျှော့ချ နိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရပါတယ်။ လောင်စာအနေနဲ့ ဒီရေတောထင်းအသုံးပြုခြင်း မရှိဘဲနဲ့ ဒေသရော်ဘာပင်အိုတွေကိုဝယ်ပြီး ထင်းလောင်စာအဖြစ် အသုံးပြုဆောင်ရွက်လျက်ရှိ ကြောင်း သိရပါတယ်။ စက်ရုံကုန်ကြမ်းစွန့်ပစ်၊ ငါး၊ ပါကေးငါးတွေကို ကုမ္ပဏီပိုင်ငါးသယ်ယာဉ်တွေ၊ ကုမ္ပဏီဝင်ငါးဖမ်းရေယာဉ်တွေနဲ့ အခြားငါးဖမ်းရေယာဉ်တို့မှ ပင်လယ်ပြင်အတွင်းကနေ ဝယ်ယူ စုဆောင်း ဆောင်ရွက်ကြောင်း သိရပါတယ်။

ငါးမှုန့်ကြိတ်စက်ရုံနှင့် ပတ်သက်ပြီး မိမိတို့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပါကေးငါးများ အရည်အသွေး ညံ့ဖျင်းမှုမရှိစေဖို့နဲ့ အနံ့အသက်ဆိုးများမဖြစ်စေဖို့အတွက် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ငါးဖမ်းလှေတွေက ဖမ်းဆီးရမိပြီးတဲ့ ပါကေးငါးတွေကို ပင်လယ်ရေနဲ့ စင်ကြယ်စွာ ဆေးကြောပြီးတော့ ရေခဲအလုံအလောက် အသုံးပြုထားသိုဖို့ ဖမ်းဆီးရမိတဲ့ ပါကေးငါးတွေကို စက်ရုံကို (၁ဝ)ရက်အတွင်းအရောက်ပို့ဖို့ ငါးဖမ်းလှေ၊ ငါးချဆိပ်ကမ်း၊ စက်ရုံစတဲ့ ငါးသယ်ယူရန် လမ်းကြောင်းတစ်လျှောက် ကိုင်တွယ် သယ်ယူမှုတွေမှာ သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ဖို့၊ စက်မှုကုန်ကြမ်းလက်ခံဌာနမှာ စက်ယန္တရားအတွင်းသို့ အမြန်ဆုံးရောက်ရှိရေးအလေးထားဖို့ စက်ရုံထွက်အငွေ့တွေကို အနံ့သတ်စနစ် အသုံးပြုတပ်ဆင်ပြီးတော့ ဖြတ်သန်းသန့်စင်စေပြီးမှ အစားထိုးဆောင်ရွက်စေဖို့နဲ့ အငွေ့ထုတ်ခေါင်းတိုင်ကို ပေ(၈ဝ) အထက် တပ်ဆင်ဖို့၊ စက်ရုံမှအရည်များကို အနည်ချကန်၊ အနည်စစ်ကန်တို့ဖြင့်(Water Treatment) ပေးပြီးမှ စနစ်တကျ အစားထိုးဆောင်ရွက်ရန် စတဲ့ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

လောင်းလုံးမြို့နယ်၊ ငါးလုပ်ငန်းဦးစီးဌာနကနေ ၁၅-၇-၂ဝ၂ဝ ရက်နေ့မှာ စက်ရုံကို ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။ ယခုအခါမှာ ငါးမဖမ်းရရာသီဖြစ်တဲ့အတွက် စက်ရုံလည်ပတ်မှုကို ရပ်နားထားကြောင်း တင်ပြအပ်ပါတယ်။ စက်ရုံရဲ့ အနံ့ဆိုးတွေ စွန့်ထုတ်တဲ့ မီးခိုးခေါင်းတိုင်ကို ပေ(၈ဝ)အထက် ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ဖို့ လက်ရှိမီးခိုးခေါင်းတိုင်ကို ဖျက်သိမ်းပြင်ဆင် ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံထွက်အငွေ့တွေကို အနံ့သန့်စင်စနစ် အသုံးပြုတပ်ဆင်နိုင်ဖို့အတွက် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ စက်ရုံထွက်စွန့်ပစ်ရေတွေကို အနည်စစ်ကန်နဲ့ စွန့်ထုတ်နိုင်ရေးအတွက် လက်ရှိ ရှိနေတဲ့ကန်တွေ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ငါးမှုန့်ကြိတ်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာရေလုပ်ငန်းကုမ္ပဏီ၊ တနင်္သာရီလီမိတက်ကို သစ်တောဦးစီးဌာနက ၂ဝ၁၁ ခုနှစ်၊ မတ်လကနေပြီးတော့ နှစ်(၃ဝ)မြေငှားစာချုပ်နဲ့ စာချုပ် ချုပ်ဆိုခွင့်ပြုထားတာ ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနရဲ့ စီမံခန့်ခွဲခွင့်ပြုဧရိယာထက် ကျော်လွန်လုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီးတော့ လောင်းလုံးမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းတွေရယ်၊ ကျောက်နီမော်ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ကျောက်နီမော်ကျေးရွာမှာ တာဝန်ရှိတဲ့အဖွဲ့များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါတယ်။ အဲဒီ ငါးမှုန့်ကြိတ်စက်ရုံဟာ သစ်တောဦးစီးဌာနက ခွင့်ပြုထားတဲ့ မြေဧရိယာ(၆၂)ကေအတွင်းမှာ ဖြစ်သော်လည်းပဲ မြေတူးဆွတာ၊ မြေညှိတာ၊ အဆောက်အဦတိုးချဲ့ ဆောက်လုပ်ခြင်းတို့အတွက် ခွင့်ပြုချက်ရယူထားခြင်းမရှိတဲ့အလျောက် စာချုပ်စည်းကမ်းဖောက်ဖျက်မှုနဲ့ အရေးယူဆောင်ရွက်ဖို့ စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က သိရှိဖြေကြားထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေနဲ့ ၉-၁၂-၂၀၁၉ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာဖြစ်တဲ့ (EMP-Environmental Management Plan)ကို ညွှန်ကြားချက်အတိုင်း အချိန်မီ ပြီးစီးအောင် ရေးဆွဲတင်ပြဖို့နဲ့ စက်ရုံက စွန့်ထုတ်တဲ့ရေဆိုးတွေ၊ ရေဆိုးကန်အတွင်း စွန့်ပစ်ပြီး စနစ်တကျ သန့်စင်ဆောင်ရွက်သွားဖို့ ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ သို့ဖြစ်တဲ့ အတွက် ကုမ္ပဏီကနေပြီးတော့မှ EMP အစီရင်ခံစာကို တတိယပုဂ္ဂိုလ်အဖွဲ့အစည်းဖြစ်တဲ့ Myanmar Water Engineering & Products Co.,Ltd ကို ရေးဆွဲစေခဲ့ပါတယ်။ ရေးဆွဲမှုအပိုင်းမှာ တင်ပြထားတဲ့ အစီရင်ခံစာအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဌာနများနဲ့ပေါင်းစပ် ညှိနှိုင်းစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရပါတယ်။ လိုက်နာဆောင် ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်နှင့် အညီ စီမံခန့်ခွဲမှုနည်းလမ်းနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ လိုအပ်လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ တရားစွဲဆိုအရေးယူခြင်းဖြင့် အဆင့်ဆင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားထားပါတယ်။

မိမိတို့ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ စက်ရုံမှတ်ပုံတင်ခြင်းနှင့် ပြည်ပတင်ပို့ ရောင်းချခြင်း လုပ်ငန်းတွေမှာ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုကြီးကြပ်ရေး ဌာနအနေနဲ့ စက်ရုံပိုင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်လာပါက ၎င်းတို့ကို ဥပဒေအတိုင်း အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဝန်ထမ်းသစ်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူတဲ့အပြင် တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ များနှင့်လည်း အရေးယူဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံတော်အတွင်း မဟာဓာတ်အားလိုင်း သွယ်တန်းရောက်ရှိပြီးဖြစ်သည့် ကျေးရွာများတွင် ကျေးရွာအတွင်း 0.4(400) ဗို့အားလိုင်းများ သွယ်တန်းတပ်ဆင်ပြီးစီးပါက မီတာဘောက်စ်များ အမြန်ဆုံးရရှိတပ်ဆင်အသုံးပြုနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လွှတ်တော်မှာ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ နိုင်ငံတော်မှမဟာဓာတ်အားလိုင်းများ သွယ်တန်းရောက်ရှိပြီးတဲ့ကျေးရွာတွေမှာ ကျေးရွာအတွင်း (400)ဗို့အားလိုင်းများ သွယ်တန်းတပ်ဆင်ပြီးပါက မီတာဘောက်စ်များ အမြန်ဆုံးရရှိ တပ်ဆင်အသုံးပြုနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်နှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်ဟာ အဲဒီနိုင်ငံက သုံးစွဲနေတဲ့ လျှပ်စစ်ယူနစ်ပမာဏနဲ့ တိုက်ရိုက်အချိုးကျတယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် ရရှိအသုံးပြုနိုင်ရေးဟာ နိုင်ငံတိုင်းအတွက် အခရာကျလှပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ အိမ်ထောင်စုပေါင်း (၁၀.၈)သန်းကျော်ရှိသည့်အနက် အိမ်ထောင်စုပေါင်း (၄.၉)သန်းကျော်ဟာ လျှပ်စစ်မီးသုံးစွဲလျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ အိမ်ထောင်စုပေါင်း(၅၀)ရာခိုင်နှုန်း လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဟာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ယူနစ်သန်းပေါင်း (၁၅၀၀၀)ကျော်ရှိခဲ့ရာ ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှာတော့ ယူနစ်သန်းပေါင်း (၂၇၀၀၀) ကျော်အထိရှိခဲ့ပြီး (၅)နှစ်အတွင်းမှာမှ ယူနစ်သန်းပေါင်း (၁၀၀၀၀)ကျော် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်များအရ မှတ်သားခဲ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိက လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဖြစ်တဲ့ ရေအားလျှပ်စစ်မှ တစ်နှစ်လျှင် ကီလိုဝပ် နာရီသန်းပေါင်း (၁၁၀၀၀)ကျော် ထုတ်လုပ်ခဲ့ပြီး၊ သဘာဝဓာတ်ငွေ့မှာလည်း တစ်နှစ်လျှင် ကီလိုဝပ် နာရီသန်းပေါင်း (၉၀၀၀)ကျော် ထုတ်လုပ်ခဲ့ရာ၊ ယခု ၂၀၂၀ ပြည့်နှစ် နှစ်လယ်ခန့်မှာတော့

မဂ္ဂါဝပ်(၁၁၀၀)ကျော် ထပ်မံထုတ်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူဦးရေပြန့်ကျဲမှုကြောင့် စွမ်းအင်အရပ်ရပ်တို့ကို နိုင်ငံအတွင်းရှိ အိမ်ထောင်စုတိုင်းသို့ ရရှိဖြန့်ဝေနိုင်ရေးမှာ ကြီးမားသော အခက်အခဲတစ်ရပ်ဖြစ်သော်လည်းပဲ ၂၀၃၀ ပြည့်နှစ်မှာတော့ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအားလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ရည်မှန်းထားကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မဟာဓာတ်အားလိုင်းများ သွယ်တန်းရောက်ရှိပြီးတဲ့ ကျေးရွာတွေမှာ ရွာတွင်းလိုင်း (400) ဗို့အားလိုင်းများ တပ်ဆင်ပြီး ကိုယ့်အားကိုယ်ကိုးဖြင့် မိမိတို့ ကျေးရွာအိမ်ထောင်စုအလိုက် အနည်းအများအပေါ် မူတည်၍ အချိုးကျငွေကြေးထည့်ဝင်ကာ ကျေးရွာမီးလင်းရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ မြို့နယ်ရှိ မြို့/ရွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူများရဲ့ ကြီးကြပ်ဆောင်ရွက်မှုများနှင့်အတူ ပုဂ္ဂလိကလျှပ်စစ်လုပ်ငန်းကုမ္ပဏီများအား စာချုပ် ချုပ်ဆိုငှားရမ်းလျက် စိတ်အားထက်သန်စွာ မိမိတို့ရွာလျှပ်စစ်မီးအမြန်ဆုံးလင်းနိုင်ရေးအတွက် ဆောင်ရွက်နေကြတာကို တွေ့မြင်ရပါတယ်။ အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ မိမိရဲ့ မဲဆန္ဒနယ်များဖြစ်ကြတဲ့ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်များဟာ မဟာဓာတ်အားလိုင်း သွယ်တန်းရောက်ရှိထားတဲ့ ကျေးရွာများဟာ အိမ်ခြေနည်းပါးတာကြောင့် (400) ဗို့အားလိုင်း ရွာတွင်းလိုင်းများအတွက်ပါ နိုင်ငံတော်က တိုင်းဒေသကြီး ဘတ်ဂျက်များကနေ အကုန်ကျခံတည်ဆောက် ဆောင်ရွက်ပေးထားပါသော်လည်း ကျေးရွာကြီးများရှိတဲ့ မိမိရဲ့ ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများမှာတော့ နိုင်ငံတော်မှ ချမှတ်ပေးတဲ့ဘတ်ဂျက်နဲ့ မလုံလောက်တဲ့အခါမှာ ကျေးရွာအတွင်းရှိ အိမ်ထောင်စုအလိုက် လျှပ်စစ်မီး အသုံးပြုမယ့်သူများက အချိုးကျထည့်ဝင်ဆောင်ရွက်ကြရပါတယ်။

ဤကဲ့သို့ ဒေသခံများက မိမိတို့ကျေးရွာလျှပ်စစ်မီး အမြန်ဆုံးရရှိရေးအတွက် စိတ်အားထက်သန်စွာ လိုလိုလားလား အကုန်ကျခံထည့်ဝင်ပြီး ရွာတွင်းလိုင်းများ သွယ်တန်းဆောင်ရွက်ပြီးစီးခဲ့ပါသော်လည်း ကျေးလက်သုံးမီတာဘောက်စ်များကို အလျင်အမြန်နဲ့ လုံလောက်စွာ အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ခြင်းမရှိမှုများအပေါ် စိတ်မသက်မသာဖြစ်ကြရပါတယ်။ (11)လိုင်းများ သွယ်တန်းပြီး၊ Transformer တပ်ဆင်ပြီး၊ ရွာတွင်းလိုင်းများ (400)ဗို့အားလိုင်းများ သွယ်တန်းတပ်ဆင်ပြီးနောက် ဘယ်နှစ်လအတွင်းမှာ ကျေးရွာမီးလင်းရေးကော်မတီများက သက်ဆိုင်ရာသို့ တင်ပြလျှောက်ထားတဲ့ ကျေးလက်သုံးမီတာဘောက်စ်များ တပ်ဆင်အသုံးပြုနိုင်ခွင့်ရရှိရမည်ဟု တိကျသည့်စီမံချက်များရှိမည်ဆိုပါက ကျေးရွာများ လျှပ်စစ်မီးအမြန်ဆုံး ရရှိအသုံးပြုနိုင်ရေးအတွက် အကောင်းဆုံးနဲ့ အဆင်ပြေဆုံးဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မဟာဓာတ်အားလိုင်းများ သွယ်တန်းရောက်ရှိပြီး၊ Transformer များတပ်ဆင်ပြီး၊ ကျေးရွာအတွင်း (400)ဗို့အားလိုင်းများ ချိတ်ဆက်သွယ်တန်းပြီးပါက မီတာဘောက်စ်များ အမြန်ဆုံး တပ်ဆင်အသုံးပြုနိုင်ရေး မည်ကဲ့သို့

ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လျှပ်စစ်ဓာတ်အားခများ ကောက်ခံရန်အတွက် မီတာဖတ်ခြင်း၊ တွက်ချက်ခြင်း၊ တောင်းခံခြင်း စနစ်များသည် လူ၏လုပ်အားကိုသာ အသုံးပြုကောက်ခံနေရ၍ ပြဿနာများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် ခေတ်မီအဝေးထိန်း မှတ်တမ်းတင်စနစ် (AMI စနစ်)ကို ကျယ်ပြန့်စွာ အသုံးပြု၍ ကောက်ခံသွားရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၆။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က လျှပ်စစ်ဓာတ်အားခများ ကောက်ခံခြင်းကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများသုံးစွဲတဲ့ လျှပ်စစ်ဓာတ်အားခများကို ကောက်ခံရန်အတွက် လက်ရှိဆောင်ရွက်နေတဲ့ မီတာ ဖတ်ရှုတွက်ချက်ကောက်ခံတဲ့စနစ်ဟာ လူရဲ့လုပ်အားခကိုသာ အဓိကထားဆောင်ရွက်သော စနစ်ဖြစ်တဲ့အတွက် လူ့ပယောဂကြောင့်ဖြစ်ပေါ်တတ်တဲ့ ပြဿနာများစွာ ကြုံတွေ့နေရတာဟာ ကာလကြာရှည်လာပြီဖြစ်ပါတယ်။

မီတာဖတ်ဝန်ထမ်းများဟာ တစ်နေ့တစ်နေ့ကို မီတာအလုံးရေများစွာ ဖတ်ရှုရသဖြင့် မှားယွင်းဖတ်ရှုခြင်း၊ တချို့သောဝန်ထမ်းများဟာ တာဝန်မဲ့စွာနဲ့ မီတာနေရာများကို အရောက်မသွားဘဲ ခန့်မှန်းကောက်ယူခြင်း၊ မှန်းဆရေးသွင်းခြင်းများ ပြုလုပ်ကြကြောင်း ကြားသိရပါတယ်။ သာဓကအားဖြင့် မေလ ၂၆ ရက်နေ့ထုတ် မြန်မာတိုင်းမ် နေ့စဉ်သတင်းစာတွင် ဖော်ပြချက်အရ မန္တလေးဈေးချိုတော်ကို Covid – 19 ကာလအတွက် မတ်လ ၂၉ ရက်နေ့မှ စတင်ပြီး ပိတ်ထားခဲ့ရာ လျှပ်စစ်သုံးစွဲမှု မရှိသလောက်နည်းပါးလှတဲ့ ဧပြီလအတွက် မီတာခတောင်းခံရာမှာတော့ ငွေကျပ် (၂၆)သိန်းကျော် ကျသင့်နေပါတယ်။ ဒါကြောင့် လျှပ်စစ်ဌာနရဲ့ မှားယွင်းမှုဟု သံသယဖြင့် ပြန်လည်စိစစ်ဆောင်ရွက်နေရကြောင်း ဖတ်ရှုရပါတယ်။ နိုင်ငံတော်ကနေ ပြည်သူများအတွက် Covid – 19 ကြောင့် အခက်အခဲဖြစ်နေကြရတာကို သက်သာရာရလေအောင်ဆိုပြီးတော့ ဧပြီလမှစ၍ ယူနစ် ၁၅၀ အထိ သက်သာခွင့်ပေးတဲ့အခါမှာလည်း စောစောက တင်ပြခဲ့သလို မှန်းဆကောက်ခံခဲ့မိတဲ့အိမ်တွေမှာ အမှန်ကောက်ခံကျသင့်တဲ့ ယူနစ်များရဲ့လက်ကျန်ယူနစ်များကို စုပေါင်းပြီးတော့ ဧပြီလထဲမှာမှ

ပေါင်းထည့်ကောက်ခံတဲ့အတွက် ယူနစ်အလိုက် ဈေးနှုန်းကွာခြားတော့ ပိုမိုကျသင့်သွားကြပြီးတော့ တစ်နိုင်ငံလုံးအနှံ့ မကျေနပ်သံတွေ သောသောညံခဲ့ပါတယ်။ ဒါဟာ လျှပ်စစ်ဌာနအပေါ် အယုံအကြည် ကင်းမဲ့စေသလို အစိုးရရဲ့ပုံရိပ်ကိုလည်း များစွာ ထိခိုက်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့သောနေရာများမှာ မီးသုံးစွဲသူနှင့် လျှပ်စစ်ဝန်ထမ်းအချို့တို့ အပေးအယူပြုလုပ်ပြီးတော့ လျှပ်စစ်မသမာမှုပြုလုပ် ခိုးယူသုံးစွဲနေကြတာကိုလည်း မကြာခဏ ကြားသိနေရပါတယ်။ မီတာဖတ်ဝန်ထမ်းများက ဖတ်ရှုမှတ်သားလာတဲ့ ကိန်းဂဏန်းများကို လျှပ်စစ်ရုံးရှိ စာရင်းကိုင်ဝန်ထမ်းများက အဆင့်ဆင့်သော ပုံစံစာရွက်များနှင့် ရေးသွင်းခြင်း၊ တွက်ချက်ခြင်းများကိုလည်း လူနှင့်သာ အဓိကထား လုပ်ဆောင်နေရတဲ့အတွက် အမှားအယွင်းနှင့် အားနည်းချက်များလည်း ဖြစ်ပေါ်တတ်ပါတယ်။ ဒါတွေကို လျော့နည်းသက်သာစေဖို့ဆိုရင် ခေတ်မီ မီတာဖတ်ရှုတွက်ချက်တဲ့ AMI စနစ်ကို ပြောင်းလဲအသုံးပြုဖို့လိုအပ်နေပြီဖြစ်ပါတယ်။ နေရာအားလုံးမှာ မပြောင်းနိုင်သေးရင်တောင် တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲမှုရဲ့ (၃)ပုံ (၂)ပုံအထိ သုံးစွဲနေတာဖြစ်တဲ့ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှာတော့ ပြောင်းလဲသုံးစွဲသင့်နေပြီဖြစ်ပါတယ်။ Advance Metering Infrastructure (AMI) စနစ်ကို အသုံးပြုမယ်ဆိုရင် လျှပ်စစ်မီတာတွေကို ကွန်ပျူတာစနစ်ဖြင့် အဝေးထိန်းချုပ်စခန်းမှ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်မှတ်တမ်းတင်ပြီး အလိုအလျောက် ရေးဆွဲတွက်ချက် ဓာတ်အားခတောင်းခံကောက်ယူနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ တွင်ကျယ်စွာ အသုံးပြုနေကြသလို မြန်မာနိုင်ငံမှာလည်း ဒေါပုံ၊ ပန်းဘဲတန်း၊ တောင်ဥက္ကလာပမြို့နယ်များမှာ တပ်ဆင်အသုံးပြုနေပြီ ဖြစ်ပါတယ်။ AMI စနစ် တပ်ဆင်အသုံးပြုလိုက်တဲ့အတွက် ဒေါပုံမှာဆိုရင် ယခင် ဓာတ်အား ပျောက်ဆုံးမှု (၁၉)ရာခိုင်နှုန်းကျော် ရှိရာကနေ (၆)ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီး နှစ်စဉ်ဝင်ငွေ ကျပ်သန်း (၇၀)ခန့်ထိ တိုးတက်ရရှိလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အဝေးထိန်း (AMI) စနစ်ကို အသုံးပြုခြင်းကြောင့် လူကြောင့်ဖြစ်ပေါ်လာတဲ့ အမှားများ နည်းပါးသွားခြင်း ဓာတ်အားလိုင်းများကို မြို့နယ်ထိန်းချုပ်ရေးအခန်းမှ အချိန်ပြည့်စောင့်ကြည့်ကွပ်ကဲနိုင်ခြင်း၊ သုံးစွဲသူပြည်သူများကလည်း မိမိတို့ရဲ့ လက်ကိုင်ဖုန်းများမှ Application Software ဖြင့် အလွယ်တကူ စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ငွေပေးချေနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ လျှပ်စစ်ဓာတ်အားခများ ကောက်ခံရန်အတွက် မီတာဖတ်ခြင်း၊ တွက်ချက်ခြင်း၊ တောင်းခံခြင်း စနစ်များသည် လူ၏လုပ်အားကိုသာ အသုံးပြုကောက်ခံနေရ၍ ပြဿနာများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် ခေတ်မီအဝေးထိန်း မှတ်တမ်းတင်(AMI) စနစ်ကို ကျယ်ပြန့်စွာ အသုံးပြု၍ ကောက်ခံသွားရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၁၁။**

**ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် မေးမြန်းသည့် နိုင်ငံတော်၌ မဟာဓာတ်အားလိုင်းသွယ်တန်းရောက်ရှိပြီးဖြစ်သည့် ကျေးရွာများတွင် ကျေးရွာတွင်း(400)ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းတပ်ဆင်ပြီးစီးပါက မီတာဘောက်စ်များ အမြန်ဆုံးရရှိ တပ်ဆင်အသုံးပြုနိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော်ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေနဲ့ အိမ်သုံးမီတာများကို တင်ဒါဖြင့် ဝယ်ယူလျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မီတာအလုံး (၃၅၀၀၀၀)ကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မီတာအလုံးပေါင်း (၃၅၀၀၀၀)ကိုလည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မီတာအလုံးပေါင်း (၄၀၀၀၀၀)ကိုလည်းကောင်း တင်ဒါစနစ်နဲ့ ဝယ်ယူခဲ့ပါတယ်။ ယခုအခါ ကမ္ဘာ့ကပ်ရောဂါ Covid-19 ကြောင့် စက်ရုံများပိတ်ထားရသဖြင့် ရောက်ရှိချိန် ကြန့်ကြာနေခြင်းကြောင့် အိမ်သုံးမီတာ လျှောက်ထားမှုများအတွက် ထပ်မံခွဲဝေချထားပေးရန် နှောင့်နှေးခဲ့ရခြင်းဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဝယ်ယူထားတဲ့ အိမ်သုံးမီတာ အလုံးပေါင်း (၄၀၀၀၀၀)အနက်မှ ၂၀၂၀ ပြည့်နှစ်၊ မေလမှာ ပထမအသုတ်အနေနဲ့ (၂၃၀၀၀၀) ရောက်ရှိခဲ့ပါတယ်။ ဒုတိယအသုတ်အနေနဲ့ အလုံးပေါင်း (၁၇၀၀၀၀) ထပ်မံရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ရောက်ရှိလာတဲ့မီတာများကိုတော့ ဌာနရဲ့ မီတာစစ်ဆေးရေးဌာနမှ စစ်ဆေးပြီးတဲ့အခါမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို လိုအပ်ချက်နှင့်အညီ ချိန်ညှိပြီး ဖြန့်ဝေပေးလျက်ရှိနေပါတယ်။ ထို့အပြင် အိမ်သုံးမီတာများ ရောက်ရှိမှု နောက်ကျသဖြင့် ကျေးရွာများ လျှပ်စစ်မီးကို ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ကျေးရွာများမှာရှိတဲ့ Transformer များမှာ Main မီတာများ တပ်ပြီးတော့ ဓာတ်အားပေးနိုင်ရေးကိုလည်း မူဝါဒချမှတ်ပြီးတော့မှ ဆောင်ရွက်စေလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်ပါ ကလေးမြို့နယ်အတွင်း အိမ်သုံးမီတာ ချထားပေးမှုမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ဇူလိုင်လအထိ အိမ်သုံးမီတာ အလုံးပေါင်း (၁၆၃၀) လုံးကို ခွဲဝေချထားပြီး ဖြစ်ပါတယ်။ လတ်တလော ကလေးမြို့နယ်အတွက် ထပ်မံခွဲဝေပေးမည့် မီတာများ မရောက်ရှိသေးမီ 11 KV ဓာတ်အားလိုင်း 11/0.4 KV Transformer 400 ဗို့လိုင်းများနဲ့ အိမ်တွင်းမီးသွယ်တန်းခြင်းလုပ်ငန်းများ (၁၀၀)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တဲ့ ကျေးရွာများ ဓာတ်အား သုံးစွဲနိုင်ရန်အတွက် Main မီတာ၊ (CT Meter) (၁၂)လုံးကိုလည်း ကလေးမြို့နယ်ကို ပေးပို့ထားပြီး ဖြစ်ပါတယ်။ (CT Meter) (၇)လုံးလည်း တပ်ဆင်ထားပေးပြီးဖြစ်ပါတယ်။ ထပ်မံပြီးတော့ (၅)လုံး တပ်ဆင်ဖို့အတွက် သက်ဆိုင်ရာ ကျေးရွာနေပြည်သူများနှင့် ညှိနှိုင်းသဘောတူညီမှုရရှိပါက အမြန်ဆုံး တပ်ဆင်ပေးဖို့နိုင်ရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝယ်ယူထားသည့် အိမ်သုံးမီတာများ အသုတ်လိုက် ရောက်ရှိလာပြီဖြစ်သဖြင့် မီတာစမ်းသပ်ရေးဌာနတွင် စစ်ဆေးပြီးသည်နှင့်တစ်ပြိုင်နက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်လက်ခွဲဝေပေးသွားမည် ဖြစ်ပါကြောင်းနှင့် အိမ်သုံးမီတာများ ထပ်မံဝယ်ယူရေးအတွက် စီစဉ် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး မေးမြန်းသည့် လျှပ်စစ်ဓာတ်အားခများ ကောက်ခံရန်အတွက် မီတာဖတ်ခြင်း၊ တွက်ချက်ခြင်း၊ တောင်းခံခြင်းစနစ်များသည် လူ၏လုပ်အားကိုသာ အသုံးပြုကောက်ခံနေရ၍ ပြဿနာများ မကြာခဏဖြစ်ပေါ်နေသဖြင့် ခေတ်မီအဝေးထိန်း မှတ်တမ်းတင်စနစ် (AMI စနစ်)ကို ကျယ်ပြန့်စွာ အသုံးပြု၍ ကောက်ခံသွားရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခင်က Analog Meter များကိုသာ တပ်ဆင်အသုံးပြုခဲ့ကြပါတယ်။ ယခု နောက်ပိုင်းမှာတော့ ခေတ်မီတဲ့ Digital Meter များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များမှ စတင်၍ အသစ်ဝယ်ယူပြောင်းလဲတပ်ဆင်လျက်ရှိပါတယ်။ အဆိုပါ Digital Meter များသည် Off-Side Meter Reading စနစ်များပါရှိသည့်အတွက် အဝေးမှ Remote Hand Held Unit(HHU)ဖြင့် ဖတ်ရှုနိုင်ပါတယ်။ ပြီးတဲ့နောက်မှာ ကွန်ပျူတာမှာ ထည့်သွင်းပြီး မီတာဘေလ် ထုတ်ယူခြင်းကိုလည်းပဲ လျင်မြန်စွာ ပြုလုပ်နိုင်တဲ့စနစ် လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ခေတ်မီတဲ့ Smart Meter များ တပ်ဆင်အသုံး ပြုနိုင်ရေးကိုလည်း တိကျတဲ့ Specification များပြုစုလျက် အမြန်ဆုံးဝယ်ယူနိုင်ရေး စီစဉ်

ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မီတာများ ဝယ်ယူပြီးပါက Analog Meter များ၊ ရပ်၊ ပျက်၊ နှေး မီတာများအားလုံးကို Smart Meter များဖြင့် လဲလှယ်အသုံးပြုမှာဖြစ်ပါတယ်။ ထပ်မံအသစ်တပ်ဆင်မည့် နေရာများကိုလည်း အဆိုပါ Smart Meter များကို တပ်ဆင်ရန်နဲ့ ဒီ Smart Meter များမှ (HHU) များကို အသုံးပြုပြီးတော့ မီတာဖတ်ရှုခြင်းကို အချိန်တိုအတွင်း မှန်ကန်သော မီတာဖတ်ရှုခြင်း ရရှိအောင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

Advance Metering Infrastructure (AMI) စနစ်သို့ တက်လှမ်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အကြံပေးအဖွဲ့များနှင့် Specification များ ပြုစုပြီး တင်ဒါခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါတယ်။ AMI စနစ်ကို တပ်ဆင်အသုံးပြုမည်ဆိုပါက ကိုယ်စားလှယ်တော်ကြီး ပြောသွားသလိုပါပဲ မီးသုံးစွဲသူများ၏ လက်ရှိအသုံးပြုနေတဲ့ Smart Phone များကနေပြီးတော့ မိမိတို့ရဲ့ မီတာမှာ အချိန်နှင့်တစ်ပြေးညီ သုံးစွဲနေမှုကို ကြည့်ရှုနိုင်ပြီးတော့ ဗို့အားအခြေအနေကိုလည်းပဲ ကြည့်ရှုနိုင်ပါတယ်။ ဒီ Smart Meter ရဲ့ အားသာချက်ကတော့ အချိန်၊ သုံးစွဲသည့်ဝန်အား (load) တို့ကိုလည်းပဲ အလိုအလျောက်မှတ်တမ်းတင်နိုင်ပါတယ်။ နောက်တစ်ခုကလည်းပဲ မသမာမှုများနဲ့ လုပ်ကိုင်နေမှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် Smart Meter များကို ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူအသုံးပြုနိုင်ရေးကိုလည်းပဲ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ AMI Meter စနစ်ကိုတော့ Pilot Project အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းဘဲတန်း၊ ဒေါပုံ၊ တောင်ဥက္ကလာပမြို့နယ် (၃)မြို့နယ်မှာ အသုံးပြုလျက်ရှိနေပါတယ်။ AMI စနစ်ကြောင့် ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းသွားတယ်ဆိုတဲ့ အကျိုးကျေးဇူးကိုလည်း မြင်တွေ့နေရပြီဖြစ်ပါတယ်။

ရှေးယခင်က တပ်ဆင်ထားသော Analog Meter များကို Smart Meter များဖြင့် လဲလှယ်နိုင်ခြင်းမရှိသေးမီမှာတော့ (HHU) ပစ္စည်းအပြည့်အစုံမရရှိသေးတဲ့ မီတာအချိန်မှာလည်းပဲ ယခုကဲ့သို့ ကြားကာလအခြေအနေမှာတော့ မီတာဖတ်ရှုခြင်းကို လူအင်အားသုံး မီတာစာရေးများဖြင့် ဖတ်ရှုမှတ်တမ်းတင်လျက်ရှိနေပါတယ်။ လူကြောင့်ဖြစ်ပေါ်နိုင်တဲ့ လွဲမှားမှုများမရှိအောင်လည်းပဲ ဌာနမှ အလေးထား ထိန်းသိမ်းကွပ်ကဲပြီးတော့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှေးကျသော Analog Meter များကို လဲလှယ်ရန်၊ ရပ်၊ ပျက်၊ နှေး မီတာများလဲလှယ်ရန်၊ ထပ်မံအသစ်တပ်ဆင်မယ့် နေရာများအတွက် လိုအပ်တဲ့ မီတာများကို AMI နှင့် တွဲဖက်အသုံးပြုနိုင်မည့် Smart Meter များဖြင့် ဝယ်ယူရမှာ ဖြစ်ပါတယ်။ ဒုတိယအနေဖြင့် ယင်း Smart Meter များကို အသုံးပြုပြီး AMI စနစ်ကို တစ်ဆင့်ချင်း Phase by Phase တိုးတက်ပြောင်းလဲတပ်ဆင်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်းနှင့် Smart AMI Meter ကို ကျွန်တော်တို့နိုင်ငံတကာအကြံပေး ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပြီးတဲ့အချိန်မှာ တစ်ဆင့်ချင်း အကောင်အထည်ဖော် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်ပါ။

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့ လာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးချင်တာကတော့ အကယ်၍ ကျေးလက်နေပြည်သူများအနေနဲ့ ကျေးလက်သုံး မီတာဘောက်စ်များအစား မြို့ကြီးများမှာ သုံးနေတဲ့ မီတာဘောက်စ်များ တပ်ဆင်အသုံးပြုလိုပါက လျှောက်ထားအသုံးပြုနိုင်ခြင်း ရှိ/မရှိနှင့် ကျေးလက်နေပြည်သူများအတွက် လုပ်ငန်းသုံးပါဝါမီတာများ အသုံးပြုလျှောက်ထားလိုပါက မည်ကဲ့သို့ လျှောက်ထားရမည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ တစ်ဆက်တစ်စပ်တည်း မေးမြန်းသွားတဲ့မေးခွန်းအရ ကျွန်တော်တို့ ယခု ဝယ်ယူမယ့် Smart Meter များဟာ မြို့ရောကျေးရွာရော အားလုံး အသုံးပြုလို့ရတဲ့ မီတာများဖြစ်ပါတယ်။ ဒီမီတာများကို ကျွန်တော်တို့ စောစောကပြောတဲ့ (HHU) ဆိုတဲ့ Hand Held Unit နဲ့ ကျွန်တော်တို့ အလိုအလျောက် အလျင်အမြန် ဖတ်ယူတဲ့စနစ် ပါဝင်တဲ့မီတာကိုပဲ ကျွန်တော်တို့ ဝယ်ယူမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်းပဲ ကျွန်တော်တို့ အချိန်ကာလတစ်ခုအနေနဲ့ အတော်လေးကို Specification ကို လေ့လာပြုစုပြီးမှ ဒါကို တင်ဒါခေါ်ဖို့ ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပါဝါ မီတာများနှင့်ပတ်သက်လို့ လျှောက်ထားလိုရင်လည်းပဲ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှာ လျှောက်လွှာတင်သွင်းပြီးတော့ ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁:၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့နယ်ခန်းမဆောင်သည် ယိုယွင်းပျက်စီးနေပါသဖြင့် (၁၀၈ x ၇၂)ပေ RC (၂)ထပ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၂။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ခန်းမဆောင်ဟာ ကျဉ်းမြောင်းနေတဲ့အပြင် ဟောင်းနွမ်းယိုယွင်းပျက်စီးနေတဲ့အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ခန်းမဆောင်အသစ် အတိုင်းအတာ (၁၀၈ x ၇၂)ပေ RCC (၂)ထပ်ဆောင်ဖြင့် ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့ပေါ်မှာ ၁၉၈၅ ခုနှစ်တွင် ရပ်ကွက်တစ်ခု အိမ်ခြေ(၅၀၀)၊ လူဦးရေ(၃၀၀၀)သာရှိခဲ့ရာ အဲဒီအချိန် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ပြည်သူလူထုထည့်ဝင်ငွေ ကျပ်သိန်း(၂၀)ဖြင့် အတိုင်းအတာ (၁၀၀ x ၅၀)ပေ အုတ်ညှပ်တစ်ထပ်ဖြင့် ဖြစ်သလိုဆောက်လုပ်တဲ့ အဆောက်အအုံကို ယနေ့အထိ အသုံးပြုနေရပါတယ်။ ယခုအခါ ထန်တလန်မြို့တွင် ရပ်ကွက်(၃)ခု၊ လူနေအိမ်ခြေ(၁၈၆၀)၊ လူဦးရေ(၁၀၃၀၀)ဦး ရှိလာပြီဖြစ်ပါတယ်။ ထန်တလန်မြို့သို့ နိုင်ငံတော်အကြီးအကဲများ၊ ပြည်နယ်အဆင့်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနအကြီးအကဲများ၊ ခရိုင်မှ ပုဂ္ဂိုလ်များ လာရောက်သည့်အခါများတွင်လည်းကောင်း၊ နေ့ထူးနေ့မြတ်နှင့် အခမ်းအနားများ ကျင်းပရာတွင် လက်ရှိ ခန်းမဆောင်ဟာ အလျား၊ အနံ (၁၀၀ x ၅၀)ပေသာရှိပြီး ကျဉ်းမြောင်းနေသည့်အပြင် နှစ်ပေါင်း(၃၅)နှစ်ကျော် ကြာမြင့်နေပြီဖြစ်၍ ယိုယွင်းပျက်စီးနေပြီဖြစ်ပါတယ်။

ဒါ့ကြောင့် တိုးပွားများပြားလာတဲ့ လူဦးရေနဲ့ လိုက်လျောညီထွေဖြစ်ဖို့ အဆင့်မီ ခန်းမဆောင် ဆောက်လုပ်ပေးရန် လူထုမှတောင်းဆိုလာကြပါတယ်။ ဒါကြောင့် မြို့ပြအဆင့်မီ ခန်းမဆောင် တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကျွမ်းကျင်သူ စည်ပင်အင်ဂျင်နီယာအား အသေးစိတ်တွက်ချက်ခိုင်းရာ အတိုင်းအတာ (၁၀၈ x ၇၂)ပေ RCC (၂)ထပ်ကို ကျပ် (၄၆၇)သန်း ကုန်ကျမည်ဖြစ်ကြောင်း ရေးဆွဲပြီး ပုံနှင့်တကွ ကုန်ကျစရိတ်ရှင်းတမ်း အသေးစိတ်ကို ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အဲဒီပုံ(၁)က အဆောက်အအုံဟောင်း ဖြစ်ပါတယ်။ ဒါ အရှေ့မျက်နှာစာ။ ဒါ အနောက် မျက်နှာစာ ဖြစ်ပါတယ်။ မြောက်ဘက်မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါ အထဲမှာ အက်ကြောင်းတွေလည်း ပေါ်နေပြီဖြစ်ပါတယ်။ ယခု အသစ်ရေးဆွဲထားတဲ့ (၁၀၈ x ၇၂)ပေ ဖြစ်ပြီးတော့ RCC (၂)ထပ်ဖြင့် ဆောက်လုပ်

မှာဖြစ်ပြီး အပေါ်ထပ်က Main Hall ဖြစ်ပါတယ်။ အောက်ထပ်ကို ကားရပ်နားရာ ကားပါကင် အဖြစ်ထားဖို့ စီစဉ်ထားပါတယ်။ ကျေးဇူးတင်ပါတယ်။

ပုံ(၁)တွင် မြင်တွေ့ရတဲ့အတိုင်း ထန်တလန်မြို့နယ် ခန်းမဆောင်ဟာ ထန်တလန်မြို့ရဲ့ အချက်အချာကျသော အလယ်ဗဟိုတွင် တည်ရှိပါတယ်။ ခန်းမဆောင်ဟာ အိုမင်းဆွေးမြည့်နေပြီ ဖြစ်တဲ့အပြင် ကျဉ်းမြောင်းနေသည့်အတွက် VIP ခရီးစဉ်နဲ့ နေ့ထူးနေ့မြတ်များ၊ အခမ်းအနားများတွင် လုံးဝမဆံ့ဘဲ အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ ဒါကြောင့် ပုံ(၂)တွင် မြင်တွေ့ရတဲ့အတိုင်း (၁၀၈ x ၇၂)ပေ RCC (၂)ထပ်ဖြင့် ဆောက်လုပ်ပြီး အပေါ်ထပ်ကို အစည်းအဝေးခန်းမ ဆောင်အဖြစ် အသုံးပြုမှာဖြစ်ပြီး အောက်မြေညီထပ်ကို ကားရပ်နားရာ ကားပါကင်အဖြစ်ထားရှိမှာ ဖြစ်ပါတယ်။ ၂၀-၂-၂၀၂၀ ရက်နေ့ ထန်တလန်မြို့တွင် ကျင်းပပြုလုပ်သော ချင်းအမျိုးသားနေ့တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများထံ ထန်တလန်မြို့ မြို့မိ၊ မြို့ဖများမှ တင်ပြထားကြောင်း ကိုလည်း သိရှိရပါတယ်။ ဒါကြောင့် မြေပြင်ပကတိလိုအပ်ချက်အရ ခန်းမဆောင်ဟာ မရှိမဖြစ် လိုအပ်နေတဲ့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်နိုင်ရေးအတွက် ထန်တလန်မြို့ စည်ပင်သာယာရေး ဆောက်လုပ်ရေးရန်ပုံငွေဖြင့် လုံလောက်မှာ မဟုတ်တဲ့အတွက် ပြည်ထောင်စု ရန်ပုံငွေမှ ဖြည့်စွက်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌအား အလေးအနက် စဉ်းစားပေးရန် တင်ပြ -----------


ခန်းမဆောင်ဟောင်း အုတ်ညှပ် တစ်ထပ်ဆောင်၏ အရှေ့ဘက်မှ မြင်ရသည့် မြင်ကွင်းပုံ (ပ)



ခန်းမဆောင်ဟောင်း အုတ်ညှပ် တစ်ထပ်ဆောင်၏ အနောက်ဘက်မှ မြင်ရသည့် မြင်ကွင်းပုံ (ပ-၁)



(၁၀၈x၇၂)ပေရှိ RCC နှစ်ထပ်ခန်းမဆောင်သစ် ဆောက်လုပ်မည့်ပုံ၏ မြင်ကွင်းပုံ (ပ-၂)




**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မာန်အောင်မြို့အတွင်း ဆိပ်ကမ်းတစ်လျှောက် နေထိုင်ကြသော ဒေါ်နုနုခင် နှင့် ဦးဘသန်း တို့ မိဘများပိုင် အိမ်အပါအဝင် တခြားအိမ်များအား မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ ခုနှစ်တွင် မြို့ဆိပ်ကမ်းသာယာရေးအတွက် ဆောင်ရွက်ရန် သိမ်းယူခဲ့သော်လည်း မူလစီမံကိန်းကို အကောင်အထည်မဖော်သဖြင့် ပြန်လည်ပေး အပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၇။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့မှာ ဆိပ်ကမ်းသာယာရေးအတွက် လူနေအိမ်တချို့ကို သိမ်းယူပြီး မူလစီမံကိန်းကို အကောင်အထည်မဖော်ခဲ့တဲ့အတွက် မူလပိုင်ရှင်ထံပြန်ပေးရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်တွင် ဆိပ်ကမ်းတစ်လျှောက်မှာ နေထိုင်ကြသော ဒေါ်နုနုခင် နှင့် ဦးဘသန်း တို့ရဲ့ မိဘများပိုင်သော အိမ်အပါအဝင် လူနေအိမ်တချို့ မြို့ဆိပ်ကမ်းသာယာရေးကို အကြောင်းပြပြီး ၁၉၉၃ ခုနှစ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အစိုးရလက်ထက်မှာ သိမ်းယူခဲ့တာဖြစ်ပြီးတော့ နစ်နာကြေး တစ်စုံတစ်ရာမရဘဲ လူနေအိမ်များကို ဖျက်သိမ်းပေးခဲ့ရပါတယ်။ ဖျက်သိမ်းရခံသူများကို တပ်ပိုင်မြေအား အစားချထားပေးခဲ့သော်လည်း ဒေါ်နုနုခင် နှင့် ဦးဘသန်း တို့မိသားစုမှ မယူဖြစ်ခဲ့ပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သိမ်းဆည်းခံမြေနေရာပေါ်တွင် မူလစီမံကိန်း အတိုင်း အကောင်အထည်မဖော်တဲ့အတွက် မြေနှင့် မသက်ဆိုင်သောသူများကိုသာ ပြန်လည်နေရာ ချထားပေးတာကို ယနေ့အချိန်အထိ တွေ့မြင်နေရပါတယ်။ မူလပိုင်ရှင်များမှ နစ်နာကြေး တစ်စုံတစ်ရာ မရရှိခြင်း၊ မြို့အတွက်လည်း အကျိုးမပြုသလို၊ လူတစ်စုအတွက် မတရားသိမ်းဆည်းခံထားရသည် ဟုသာ ယူဆမိပါတယ်။ ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာသို့ တိုင်ကြားခဲ့သော်လည်း ခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုမှ ပြန်လည်စိစစ်ခဲ့ရာ ကျောက်ဖြူခရိုင်၏ ၂၈-၆-၂၀၁၈ ရက် ရက်စွဲပါစာအညွှန်း ညွှန်းပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မာန်အောင်မြို့နယ်မှာ ၉-၇-၂၀၁၈ ရက်စွဲဖြင့် လက်ရှိ ဝင်ရောက်နေထိုင်ကြသူများအား ဖယ်ရှားပေးရန် အကြောင်းကြား ထားသည်ကိုလည်း သိရှိရပါတယ်။ သို့ရာတွင် ယနေ့အချိန်အထိ ဖယ်ရှားပေးခြင်း မရှိသလို မူလပိုင်ရှင်များကိုလည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်းမရှိပါသဖြင့် နစ်နာဆုံးရှုံးလျက်ရှိ ပါတယ်။ သို့ဖြစ်ပါ၍ မူလစီမံကိန်းကို အကောင်အထည်မဖော်သည့် သိမ်းဆည်းခံရသူ ပြည်သူ နှစ်ဦးအစား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၃၀။**

**ဦးညီထွန်း(နေပြည်တော်ကောင်စီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီမှ ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းအနေနဲ့ ဖြေကြားရမယ်ဆိုရင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ၏ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် မြို့နယ်ခန်းမဆောင်သည် ယိုယွင်းပျက်စီးနေပါသဖြင့် (၁၀၈ x ၇၂)ပေ RC (၂)ထပ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း နှင့် စပ်လျဉ်းပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အပေါ်မှာ ကိုယ်စား ဖြေကြား တင်ပြ သွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့နယ်ခန်းမ ဆောင်သည် ၁၉၈၅ ခုနှစ်တွင် ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း(၂၀)ဖြင့် အတိုင်းအတာ (၁၀၈ x ၅၀) ပေဖြင့် ဆောက်လုပ်ခဲ့ရာ ယခုအခါ ခန်းမဆောင်သည် ဟောင်းနွမ်းသည့်အပြင် လူဦးရေ (၃၅၀)ဦးသာ ဝင်ဆံ့သည့်အတွက် နိုင်ငံတော်အဆင့်အကြီးအကဲများ၊ ပြည်နယ်အဆင့် အကြီးအကဲများနှင့် တွေ့ဆုံ ခြင်းနှင့် နေ့ထူးနေ့မြတ်အခမ်းအနားများ ကျင်းပရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန်အတွက် ဒုတိယဦးစားပေးစာရင်းတွင် တင်ပြလာပြီး မြို့နယ်ခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း အတိုင်းအတာ (၁၅၀ x ၇၀ x ၁၄)ပေ RC (၂)ထပ်နှင့် အောက်ထပ်တွင် ကားပါကင်အတွက် ပြည်နယ်ရန်ပုံငွေ ကျပ်(၄၅၀)သန်းဖြင့် လျာထား တင်ပြတောင်းခံခဲ့ပါတယ်။ လျာထားတင်ပြတောင်းခံခဲ့သော်လည်း ခွင့်ပြုရရှိသော ရန်ပုံငွေတွင် လုပ်ငန်းများဆောင်ရွက်ရန် စိစစ်ဖြတ်တောက်သည့်အချိန်တွင် အခြားဦးစားပေး လုပ်ငန်းများကို ထည့်သွင်းလျာထားခဲ့သောကြောင့် အဆိုပါလုပ်ငန်းအား ထည့်သွင်းလျာထားနိုင်ခြင်းမရှိခဲ့ပါကြောင်း ဖြေကြားထားရှိပါတယ်။

သို့ဖြစ်ပါ၍ ခန်းမတည်ဆောက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက် လျာထားရေးဆွဲတင်ပြရာတွင် ပါဝင်သွားခြင်းမရှိပါကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဒေသခံပြည်သူလူထုတို့မှ အဆိုပြုလွှာပုံစံဖြင့် ဖြည့်သွင်းတောင်းခံတင်ပြလာပါက ပြည်နယ်ရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေ ခွဲဝေရရှိမှု

အပေါ်မူတည်၍ သင့်လျော်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ၏ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မာန်အောင်မြို့အတွင်း ဆိပ်ကမ်းတစ်လျှောက်နေထိုင်ကြသော ဒေါ်နုနုခင် နှင့် ဦးဘာသန်း တို့ မိဘများပိုင်အိမ်အပါအဝင် အခြားအိမ်များအား မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ ခုနှစ်တွင် မြို့ဆိပ်ကမ်းသာယာရေးအတွက် ဆောင်ရွက်ရန် သိမ်းယူခဲ့သော်လည်း မူလစီမံကိန်းကို အကောင်အထည်မဖော်သဖြင့် ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ဖြေကြားတင်ပြချက်များအား အချက်အလက်များ၊ စာအမှတ်များ ပါဝင်တဲ့အတွက် ပိုမိုရှင်းလင်းစေရန် Power Point ဖြင့် တင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့ ဆိပ်ကမ်းသာယာလှပရေးအတွက် စီမံကိန်းချမှတ်ပြီးတော့ ၁၉၉၃ ခုနှစ်မှာ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၂၂-၄-၁၉၉၃ ရက်စွဲပါစာအမှတ်၊ ၁၀၀/၁-၂၆/မဝတ(၄၈၀)ဖြင့် ဒေါ်စံမြနု၊ ဒေါ်မမြ၊ ဦးမောင်နီထွန်း နှင့် ဒေါ်မချမ်းနု တို့၏ နေအိမ်(၄)အိမ်အား ဖယ်ရှားခဲ့ပါတယ်။ ထို့အပြင် မြို့ပေါ်ရပ်ကွက်များမှာရှိတဲ့ ငါး၊ ပုစွန် ဒိုင်များမှ အနံ့အသက်မကောင်းသဖြင့် အဆိုပါ ငါး၊ ပုစွန် ဒိုင်များအား ဒေါ်မချမ်းနု ပါ (၄)ဦးတို့ ဖယ်ရှားခဲ့သည့်နေရာမှာ နေရာချထားရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်တွေမြို့သို့ စီမံချက်ရေးဆွဲတင်ပြခဲ့ပြီး မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉-၂-၂၀၀၁ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၁၁/မယက-မအ(၄၀)ဖြင့် မြေကွက် (၁၁)ကွက်ကို စီမံချက်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်နေရာချထားပေးခဲ့ရာ ငါး၊ ပုစွန်ဒိုင်အဖြစ် သတ်မှတ်ပေးထားသော မြေနေရာ (၁၁)ကွက်အနက် (၉)ကွက်ကို ငါး၊ ပုစွန်ဒိုင်လုပ်ငန်းလုပ်ကိုင်သူ (၉)ဦးအား (၁)ကွက်လျှင် ငွေ(၅၀၀၀၀)ကျပ်နှုန်းဖြင့် ရောင်းချခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရန်ပုံငွေသို့ပေးသွင်းခဲ့ပါတယ်။ ကျန်တဲ့(၂)ကွက်ကိုတော့ မြို့နယ်စစ်မှုထမ်းဟောင်းကော်မတီသို့ (၁)ကွက်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ (၁)ကွက် စုစုပေါင်း (၁၁)ကွက်ကို စည်းကမ်းချက်များသတ်မှတ်ပြီး ယာယီမြေအသုံးပြုခွင့်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။

၂၀၁၂ ခုနှစ်မှာ လယ်ယာမြေဥပဒေပေါ်ပေါက်ခဲ့တဲ့အခါ ၁-၁-၂၀၁၄ ရက်နေ့မှာ ဒေါ်စံမြနု၊ ဒေါ်မမြ၊ ဦးမောင်နီထွန်း နှင့် ဒေါ်မချမ်းနု တို့၏ ဆွေမျိုးများဖြစ်တဲ့ ဒေါ်မာမာအေး၊ ဒေါ်နုနုစမ်း၊ ဒေါ်ခင်မြကြည် နှင့် ဒေါ်နုနုခင် တို့မှ သိမ်းဆည်းခံမြေများ စုံစမ်းရေးကော်မတီသို့ နစ်နာကြေးများ တင်ပြတောင်းခံခဲ့ပါတယ်။ ဒေါ်နုနုခင် ပါ (၄)ဦးကို ကျောက်ဖြူခရိုင် မြေအသုံးချမှုစီမံခန့်ခွဲမှု

ကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ မာန်အောင်မြို့နယ်၊ စစ်တပ်ကုန်းရှိတဲ့ မြေလွတ်မှာ မြေကွက်(၄)ကွက် အစားထိုးပေးရန် အကြောင်းကြားခဲ့ပါတယ်။ အဲဒီအခါမှာ ဒေါ်မာမာအေး နှင့် ဒေါ်နုနုစမ်း တို့သာ လက်ခံခဲ့ပြီး ဒေါ်နုနုခင် နှင့် (ဒေါ်ခင်မြကြည်) ဦးဘသန်း ၏ ဇနီး တို့မှ ယနေ့ အချိန်အထိ လက်ခံမှုမရှိဘဲ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီသို့ ထပ်မံပြီးတော့ မိမိတို့နေထိုင်ခဲ့တဲ့နေရာကို ပြန်လည်မပေးပါက ယခုအသုံးပြု နေသော ငါး၊ ပုစွန်ဒိုင်များအား ဖယ်ရှားပေးရန် တင်ပြလာခဲ့ပါတယ်။ ထိုတင်ပြခြင်းနှင့် စပ်လျဉ်းပြီး ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီရဲ့ ၂၀-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈)မှာ လက်ရှိ အရောင်းအဝယ်လုပ်ကိုင်နေသော မြေနေရာအား ရက်သတ်မှတ်ပြီး ဖယ်ရှားခိုင်းရန်နှင့် မြေနေရာအစားထိုးပေးသွားနိုင်ရေး စီမံဆောင်ရွက်ရန်ဆိုပြီး အကြောင်းကြားခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားခဲ့တဲ့ ကျွန်တော်တို့ ဒီ ညွှန်ကြားချက်စာ ဖြစ်ပါ တယ်။ ၎င်းအပေါ်နှင့် ပတ်သက်ပြီးတော့ ဦးဝင်းတင်အောင် (မောနင်းစတား) ငါး၊ ပုစွန် အဝယ်ဒိုင် နောက် ဦးလှမြင့် (စံချိန်သစ်) အဖျော်ယမကာဆိုင် နောက် ဦးလှရွှေ တို့အား အဆိုပါ မြေနေရာ များကို ဖယ်ရှားဖို့အတွက် အခြားသင့်တော်တဲ့နေရာမှာ နေရာချထားရန်အတွက် အကြောင်း ကြားခဲ့မှု ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဦးလှရွှေ ပါ (၃)ဦးမှ မကျေနပ်တဲ့အတွက် ၂၃-၇-၂၀၁၈ ရက်စွဲပါစာဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်စာ တင်သွင်းခဲ့ပါတယ်။ အဆိုပါ တင်ပြမြေနေရာမှာ အဆောက်အအုံ (၁၂)လုံး၊ မြေကွက် (၁၁)ကွက်ရှိတဲ့အတွက် ဖယ်ရှား မယ်ဆိုလို့ရှိရင် အားလုံးဖယ်ရှားမှသာ သင့်တော်မည်ဖြစ်တဲ့အတွက် နေအိမ်ဖယ်ရှားမည့် ကိစ္စကို ခေတ္တဆိုင်းငံ့ထားရန်နှင့် အစားထိုးနေရာချထားနိုင်မည့်မြေနေရာ၏ မြေပုံကြမ်း၊ အကွက်ချ မြေပုံနှင့် ကုန်ကျမည့်ကုန်ကျစရိတ်တွေကို တွက်ချက်တင်ပြဖို့အတွက် ပြည်နယ်လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရဲ့ ၂၅-၇-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၈၅၉/ ၃/ဖ-၅(မြေယာ)/အဖရ(ရခိုင်)ဖြင့် အကြောင်းကြားခဲ့ပါတယ်။

ထို့ကြောင့် ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ပြန်လည်ပြုစုပြီးတော့ တင်ပြခဲ့တဲ့ အခါမှာ တင်ပြချက်အပေါ်ကို ၂၀-၉-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ်(၆)၊ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၅၁)အရ ကာယကံရှင်များနှင့် ညှိနှိုင်း၍ ပြောင်းရွှေ့မည့်နေရာကို သဘောတူညီမှု ရှိ/မရှိ ညှိနှိုင်းဆောင်ရွက် သွားရန် ပြန်လည်အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မာန်အောင်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဟာ ၁၀-၁၀-၂၀၁၈ ရက်နေ့ ၁၅:၀၀ နာရီမှာ မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမမှာ ငါး၊ ပုစွန်ဒိုင်ဖွင့်လှစ်နေတဲ့ ကာယကံရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ ပါတယ်။ ထိုအခါမှာ ကာယကံရှင်များမှ ပြောင်းရွှေ့ရန် ဆန္ဒမရှိပါကြောင်းနှင့် အစားထိုးနေရာ

ချထားမှုအား သဘောမတူပါကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ၁၅-၁၀-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၅၅၅၀/၅/၁-၉/ဦး ၅(ခရိုင်စီ/ခန့်)ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြခဲ့ပါတယ်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ၃၀-၁-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၀)ဆုံးဖြတ်ချက်အရ မာန်အောင်မြို့နယ် ဒေါ်နုနုခင် နှင့် ဦးဘသန်း တို့ နေထိုင်ခဲ့သည့် မြေနေရာမှာ ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာမရှိခြင်း၊ နဂိုမူလကတည်းက မြစ်ချောင်းရေအောက်မြေအမျိုးအစားဖြစ်ခြင်းနှင့် ဖယ်ရှားသည့် မြေနေရာတွင် အစားထိုးမြေကွက်များ ပေးလျော်ခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် မူလမြေနေရာအား ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ကျွန်တော်မှ ကိုယ်စားဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၉ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၂ ရဲ့ ခြေဆင်း၊ အပိုဒ် ၂ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (၁)ရဲ့ ပြင်ဆင်ချက်တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ တွင် ဖော်ပြထားသော ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (၁) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းခေါင်းစဉ်နှင့် အပိုဒ် ၁ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်းက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၄။**

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းဖြစ်ပါတယ်။ တင်ပြတဲ့ ဥပဒေကြမ်းဟာ စစ်စည်းကမ်းထိန်းသိမ်းမှုအတွက်လည်းကောင်း၊ အရေးယူထိုက်သူကို အရေးယူခံ ခြင်းမှ ကင်းလွတ်ခြင်းမရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာတပ်မတော်ဆိုင်ရာ ဥပဒေများ နှင့် လိုက်လျောညီထွေမှုရှိစေရန် အတွက်လည်းကောင်း၊ စစ်ဆေးစီရင်ခြင်းဆိုင်ရာကာလစည်းကမ်း

သတ်မှတ်ပြဋ္ဌာန်းချက်ကို အစားထိုးပြင်ဆင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်၍ တပ်မတော်အက်ဥပဒေပုဒ်မ ၁၂၅၊ ပုဒ်မခွဲ ၁ အစားထိုးပြင်ဆင်သည့် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၄၅။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်းက အတည်ပြုပေးပါရန် အဆိုတင်သွင်းလာတဲ့ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖေချစ် မှ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁:၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]